# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက် | ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၉ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ် (၁၁၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထား ဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေး ရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်၌ မဲဇလီရေလွှဲဆည်ရေဖြင့် စပါးဧက ၃၃၀၀၀ ကျော် လျာထားစိုက်ပျိုးသွားမည်

**ပွင့်ဖြူ ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မဲဇလီရေလွှဲဆည်ရေဖြင့် နွေစပါးသီးနှံ ၃၃၂၃၅ ဧက လျာထားစိုက်ပျိုး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် စပါး ၃၃၂၃၅ ဧက စိုက်ပျိုးရန် လျာထားပြီး ဒေသတွင်းရှိ တောင်သူများ သီးနှံအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ သတ်မှတ်လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက သက်ဆိုင်ရာ စပ်ဆက်ဌာနများနှင့် ပူးပေါင်းပြီး အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊

*စာမျက်နှာ ၄ ကော်လံ ၁* ❍




မဲဇလီရေလွှဲဆည်ကို တွေ့ရစဉ်။

# ခေတ်မီ မီးငြိမ်းသတ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ဘဏ္ဍာနှစ်အလိုက် ဖြည့်ဆည်းပေးလျက်ရှိ

## ဘားအံမြို့၌ အထပ်မြင့်အဆောက်အအုံမီးငြိမ်းသတ်ရေး ခေတ်မီ မီးသတ်ယာဉ်များဖြင့် သရုပ်ပြ

**ဘားအံ ဇန်နဝါရီ ၁၈**

မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးလုပ်ငန်းများကို ထိရောက်လျင်မြန်စွာနှင့် ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်ရန် မီးသတ်တပ်ဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန်နှင့် လေ့ကျင့်သားပြည့်ဝစေရန် ကရင်ပြည်နယ် မီးသတ်ဦးစီးဌာနမှ အထပ်မြင့်အဆောက်အအုံ

*စာမျက်နှာ ၄ ကော်လံ ၁* ◆



**ယနေ့ ဖတ်စရာ**


(၇၇) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ (သဘောရေးဖြေ)ကျင်းပ

ပြည်တွင်းသတင်း | စာ ၄

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် မလိကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်

ပြည်တွင်းသတင်း | စာ ၇

MSMEs တို့အတွက် ဒစ်ဂျစ်တယ်နည်းပညာ

ဆောင်းပါး | စာ ၁၀

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအကြီးဆုံးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၁၈**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်(သန်လျင်) တို့မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ရေနံချောင်းတက္ကသိုလ် ဘူမိဗေဒဌာနမှ ပါမောက္ခဌာနမှူးနှင့် ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ ဆရာဆရာမများ၊ စွမ်းအင်ဝန်ကြီးဌာနမှ အငြိမ်းစား အရာရှိကြီးများ၊ စွမ်းအင်ဆိုင်ရာ အဖွဲ့အစည်း၊ ကုမ္ပဏီများမှ ပညာရှင်များအား ယနေ့တွင် မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်း အောက်မြန်မာပြည် ရုံးခွဲ (စိမ်းလဲ့မေ)၌ တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအကြီးဆုံးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။ (ယာပုံ)

**အားပေးဆောင်ရွက်**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်ကဏ္ဍသည် အရေးကြီးသောကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ယခုနှစ်အတွင်း “2025, The Year of Myanmar Energy” ဆောင်ပုဒ်နှင့်အညီ စွမ်းအင်ကဏ္ဍ ခေတ်တစ်ခေတ် ဆန်းသစ်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မျိုးဆက်သစ် ဘူမိဗေဒပညာရှင်များ၊ ရေနံအင်ဂျင်နီယာများ အပါအဝင် စက်မှု၊ ဓာတုအင်ဂျင်နီယာများ၏ စွမ်းဆောင်ရည် မြှင့်တင်နိုင်ရေးအတွက် Stakeholder များက ဝိုင်းဝန်းပံ့ပိုးအားပေးဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ဘာသာရပ်အလိုက် ကျောင်းသူ ကျောင်းသားများအား Scholarship ပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီး ဌာနပူးပေါင်း၍ ရေနံချောင်းတက္ကသိုလ်၌ ရေနံဘူမိဗေဒဘာသာရပ်ကို ၄ နှစ် ဘွဲ့သင်တန်းအဖြစ် ၂၀၂၅ ခုနှစ် ပညာသင်နှစ်မှ စတင်၍ ဖွင့်လှစ်ပေးမည် ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဘာသာရပ်အလိုက် ဘွဲ့များရရှိပြီးချိန်တွင် မိမိတို့ဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်လိုပါက လက်ခံခန့်ထားပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် တက်ရောက်လာကြသူများက ဘူမိဗေဒဘာသာရပ်၊ ရေနံအင်ဂျင်နီယာ ဘာသာရပ်၊ ဓာတုအင်ဂျင်နီယာ ဘာသာရပ်နှင့် စက်မှုအင်ဂျင်နီယာ ဘာသာရပ်ဆိုင်ရာ သင်ကြားမှုအခြေအနေ၊ လိုအပ်ချက်များနှင့် ပံ့ပိုးဆောင်ရွက်ပေးရမည့် လိုအပ်ချက်များကိုလည်းကောင်း၊ လုပ်ငန်းခွင်အတွေ့အကြုံများနှင့် ဗဟုသုတများအပေါ် အခြေခံကာ ပိုမိုကောင်းမွန်သော သင်ကြားရေးစနစ်ဖြစ်စေရေး အကြံပြုချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြပြီး တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပြင်ဦးလွင်ရှိ စွမ်းအင်ဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းကျောင်း ဖွင့်လှစ်ပြီးပါက တက္ကသိုလ်များမှ ဆရာ ဆရာမများကို Training For Trainer အစီအစဉ်များ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ Stakeholder များပါဝင်သည့် ကော်မတီတစ်ရပ်ဖွဲ့စည်း ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အရေးအကြီးဆုံးဖြစ်သည့် လူ့စွမ်းအားအရင်းမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မိမိတို့ကျရာ အခန်းကဏ္ဍတွင် အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ပေးစေကြရန် တိုက်တွန်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# (၅၉) ကြိမ်မြောက် တောင်သူနည်းပညာ ဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၈**

စိုက်ပျိုးရေး သုတေသနဦးစီးဌာန၏ (၅၉) ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကို “ထရိုင်ခိုဒါးမားမှိုကို သီးနှံကာကွယ်ရေးတွင် အသုံးချခြင်း” ခေါင်းစဉ်ဖြင့် ယနေ့နံနက်ပိုင်းတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် တက်ရောက်၍ ယနေ့ပြုလုပ်သည့် တောင်သူနည်းပညာ ဆွေးနွေးပွဲသည် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးစသည့် စိုက်ပျိုးရေးသွင်းအားစုများကို တောင်သူများ ကောင်းစွာစီမံခန့်ခွဲတတ်စေခြင်းဖြင့် မိမိတို့၏ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို စောင့်ရှောက်တတ်စေရန် ရည်ရွယ်ကြောင်း၊ ထရိုင်ခိုဒါးမားမှိုဆိုသည်မှာ သီးနှံကာကွယ်ရေးအပေါ်တွင် များစွာအထောက်အကူ ဖြစ်ကြောင်း၊ တောင်သူများအတွက် များစွာအကျိုးရှိ ထိရောက်သည့် သွင်းအားစုတစ်ခုဖြစ်သည့် ထရိုင်ခိုဒါးမားမှိုကို ကိုယ်တိုင်ထုတ်လုပ်နိုင်စေရေးအတွက် သက်ဆိုင်ရာ ပညာရှင်များ၊ သုတေသီများက ဆွေးနွေးပေးသွားမည် ဖြစ်ကြောင်း၊ အကျိုးရှိ ထိရောက်သည့် ပညာပေးနည်းလမ်းများကို အသုံးပြု၍ နည်းပညာဖြန့်ဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်စေလိုကြောင်း၊ ယခုနှစ် မိုးကြိုနှမ်းကို ပေါင်ကြီးတင်စနစ်၊ Broadbed and Furrow စနစ်ကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာစေရေး ထိရောက်သော ပညာပေး ဆွေးနွေးမှုများ လုပ်ဆောင်ရမည် ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေါက်တာသက်ရီခိုင်က သီးနှံကာကွယ်ရေး၏ အရေးကြီးမှု၊ ထရိုင်ခိုဒါးမားမှို၏ အာနိသင်များနှင့် စိုက်ပျိုးရေးတွင် အကျိုးပြုမှု၊ ထရိုင်ခိုဒါးမားမှိုကို သီးနှံကာကွယ်ရေးတွင် အသုံးပြုသည့် နည်းလမ်းများ၊ မျိုးစေ့လူးနယ်ခြင်း၊ စိုက်ပျိုးမည့် ပျိုးအိုး၊ ပျိုးထုပ်၊ ပျိုးပေါင်၊ မြေဆီလွှာထဲသို့ ထည့်သွင်းခြင်းတို့ကို ဆွေးနွေးတင်ပြပြီး ဆွေးနွေးပွဲတက်ရောက်လာကြသူများ၏ မေးမြန်းမှုအပေါ် ဒုတိယဝန်ကြီးနှင့် ပညာရှင်များက ဖြည့်စွက် ဆွေးနွေးဖြေကြားကြသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၁၅၀၀ စုပေါင်း၍ ဆောင်းရာသီ ဟင်းသီးဟင်းရွက် ကန်စွန်း၊ ချဉ်ပေါင်၊ ဆလပ်၊ နံနံ၊ မုန်ညင်း၊ မုန်လာဥဖြူ သီးနှံများကို ပေါင်ကြီးတင်စနစ်ဖြင့် စနစ်တကျ ပြင်ဆင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# (၇၇) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ (သဘောရေးဖြေ)ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၁၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၇၇) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ (သဘောရေးဖြေ) ဖြေဆိုပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။ **(ယာပုံ)**

(၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ (သဘောရေးဖြေ)ပွဲ၌ အဘိဓမ္မာ (ဒုတိယပိုင်း) တွင် စာရင်းသွင်း သံဃာတော် လေးပါးရှိပြီး ဖြေဆို သံဃာတော် လေးပါး၊ အဘိဓမ္မာ (ပထမပိုင်း) တွင် စာရင်းသွင်း သံဃာတော် ၁၇ ပါးရှိပြီး ဖြေဆိုသံဃာတော် ၁၅ ပါး၊ ဒီဃနိကာယ်ကျမ်းတွင် စာရင်းသွင်း သံဃာတော် ၃၈ ပါးရှိပြီး ဖြေဆိုသံဃာတော် ၃၅ ပါး၊ ဝိနည်း (ပထမပိုင်း)တွင် စာရင်းသွင်း သံဃာတော် ၁၂၆ ပါးရှိပြီး ဖြေဆိုသံဃာတော် ၁၁၃ ပါးတို့ဖြစ်သည်။

ယနေ့ ဖြေဆိုကြသည့် သံဃာတော်များနှင့် ကြီးကြပ်ဆရာတော်များအား နေ့ဆွမ်း အလှူရှင် ဒေါက်တာမျိုးထက်အေးနှင့်ဇနီး မိသားစုများ၊ သာကေတမြို့နယ်မှ ပရဟိတအကျိုးဆောင် အလှူရှင်များအဖွဲ့ (ရန်ကုန်) နှင့် ဗီယက်နမ်နိုင်ငံ သာသနာပြုကုသိုလ်အဖွဲ့မှ အချိုရည်နှင့် ရဟန်းအသုံးဆောင်ပစ္စည်းများ ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ရွှေဖုံးမှ*

မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သဏ္ဌာန်တူသရုပ်ပြ လေ့ကျင့်မှုကို ဇန်နဝါရီ ၁၈ ရက်က ဘားအံမြို့ လှာကမြင်ကွက်သစ် အားကစားသမားတည်းခိုဆောင်(၅) ထပ် အဆောက်အဦ၌ ကျင်းပသည်။

ကရင်ပြည်နယ် မီးသတ်ဦးစီးမှူးရုံး၊ ဘားအံခရိုင် မီးသတ်စခန်း၊ ဘားအံမြို့နယ် မီးသတ်စခန်းတို့မှ မီးသတ်တပ်ဖွဲ့ဝင် ၄၀၊ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအသင်း၂၀၊ မီးငြိမ်းသတ်ယာဉ်ခြောက်စီး၊ မီးသတ်ရေသယ်ယာဉ်သုံးစီး၊ နိုင်ငံတကာအဆင့်မီ Hydraulic Platform Vehicle 48 meter အထပ်မြင့်မီးငြိမ်းသတ်ရေးယာဉ်တစ်စီး၊ ရှာဖွေကယ်ဆယ်ရေးယာဉ်တစ်စီး၊ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေး အသင်းမှ လူနာတင်ယာဉ် နှစ်စီး စုစုပေါင်း ယာဉ်/စက် ၁၃ စီးတို့ဖြင့် မီးလောင်မှုသတင်းကို ရရှိသည်နှင့် ယာဉ်အုပ်စုများ ထွက်ခွာ၍ မီးငြိမ်းသတ်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပိတ်မိသူများအား ဝင်ရောက်ရှာဖွေကယ်ဆယ်ကာ အနီးစပ်ဆုံးဆေးရုံသို့ ပို့ဆောင်ပေးခြင်း၊ မီးကို အပြီးသတ် ငြိမ်းသတ်နိုင်ရေးအတွက် အဆောက်အဦအတွင်း ဝင်ရောက်၍ အထပ်အလိုက် မီးငြိမ်းသတ်ခြင်း၊ သက်ဆိုင်ရာယာဉ်အုပ်စုများက မီးကိုအပြီးသတ်ငြိမ်းသတ်ပြီးနောက် မီးလောင်မှုအကြောင်းရင်း ရှာဖွေခြင်း၊ မီးလောင်ဆုံးရှုံးမှုများကို တွက်ချက်ခြင်း၊ မီးသတ်ပစ္စည်းကိရိယာများ ပြန်လည်စုစည်း၍ တပ်ဖွဲ့ဝင်များအား ပြန်လည်စိစစ်ခြင်းများကို သဏ္ဌာန်တူသရုပ်ပြ လေ့ကျင့်ခဲ့ကြရာ ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ခေတ်မီ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းကိရိယာများကို ဘဏ္ဍာနှစ်အလိုက် နှစ်စဉ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး အကျိုးရှိရှိ ထိရောက်စွာအသုံးပြုနိုင်ရေး အမြဲလေ့ကျင့် ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ မီးသတ်သမားကောင်းတစ်ယောက်တွင် ရှိရမည့် ခိုင်မာတည်ကြည်သော စိတ်ဓာတ်၊ လုပ်ငန်းစွမ်းဆောင်ရည်နှင့် အတွေ့အကြုံ၊ နည်းပညာကြွယ်ဝမှုတို့နှင့်အတူ ပြည်သူကို ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ပြီး ရှာဖွေကယ်ဆယ်ရေး နည်းပညာများကို စဉ်ဆက်မပြတ် လေ့လာဆည်းပူး၍ မိမိနိုင်ငံအတွက် အသုံးချနိုင်ရန် အားထုတ်ကြိုးပမ်းကာ ပြည်သူမှ အားကိုးယုံကြည်ရသော မီးသတ်သမားကောင်းများ ဖြစ်ရန် ကြိုးစားလေ့ကျင့်သွားကြစေလိုကြောင်း ပြောကြားပြီးနောက် သဏ္ဌာန်တူသရုပ်ပြ လေ့ကျင့်ကြသည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေး အသင်းဝင်များအတွက် ငွေကျပ် ၁၀ သိန်းကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**စောမျိုးမင်းသိန်း**
**(ပြန်/ဆက်)**

○ *ရွှေဖုံးမှ*

စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ စိုက်ပျိုးရေး သွင်းအားစုများစနစ်တကျ သုံးစွဲတတ်စေရေး စသည့်စိုက်ပျိုးရေးဆိုင်ရာနည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဆန်စပါး စားနပ်ရိက္ခာဖူလုံပိုလျှံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန် ရည်ရွယ်ပြီး စပါး ၃၃၂၃၅ ဧက စိုက်ပျိုးသွားဖို့ လျာထားပါတယ်။ သတ်မှတ်ထားတဲ့ စိုက်ဧကတွေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်ကိုလည်း တောင်သူတွေကို ကွင်းဆင်းကြီးကြပ်ကာ စပါးသီးနှံ စတင်မစိုက်မီအချိန်ကတည်းက ကြိုတင်ပြီး စိုက်ပျိုးရေးနည်းပညာတွေနဲ့ မျိုးကောင်းမျိုးကောင်းသန့်ရရှိရေး လုပ်ငန်းတွေကို ကူညီဆောင်ရွက်နိုင်အောင် စီစဉ်ထားပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ စိုက်ပျိုးရေးဦးစီးဌာနအပြင် စိုက်ပျိုးရေးနဲ့ သက်ဆိုင်တဲ့ ဆက်စပ်ဌာနတွေနဲ့ ချိတ်ဆက်ကာ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့် နွေစပါး ၃၃၂၃၅ ဧက၊ နွေနှမ်း ၂၇၁၉၃ ဧက စုစုပေါင်း နွေသီးနှံစိုက်ဧက ၆၀၄၂၈ ဧက လျာထားစိုက်ပျိုးဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဒေသခံတောင်သူများ အဓိကစိုက်ပျိုးသည့် စပါးမျိုးများမှာ ဆာဖိုးသာ၊ GW-1၊ ရတနာတိုး၊ မနောသုခ၊ ဆင်းသုခ၊ ချမ်းမြေမေ စသည့် စပါးမျိုးများကို စိုက်ပျိုးကြကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# ပြည်တက္ကသိုလ် (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ




**ပြည် ဇန်နဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ပြည်တက္ကသိုလ်၏ (၂၂) ကြိမ်မြောက်ဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ယင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ထို့နောက် ဘာသာရပ်အလိုက် ကောင်းစွာအောင်မြင်ပေါက်မြောက်ခဲ့ပြီဟု ပညာရေးအဖွဲ့က ကြေညာပြီးဖြစ်သော ပြည်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံမှ ဘွဲ့ရကျောင်းသားကျောင်းသူများအား ပါမောက္ခချုပ်က ဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

ပြည်တက္ကသိုလ်၏ (၂၂) ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ဇန်နဝါရီ ၁၈ ရက်မှ ၁၉ ရက်အထိ ကျင်းပခြင်းဖြစ်ပြီး အဆိုပါ ဘွဲ့နှင်းသဘင်တွင် အဝေးရောက်ဘွဲ့ လျှောက်လွှာတင်ယူသူများအပါအဝင် ပြည်တက္ကသိုလ်၏အထူးပြုဘာသာရပ်ပေါင်းစုံ (နေ့သင်တန်း) များမှ ဝိဇ္ဇာ/သိပ္ပံဘွဲ့ရ ကျောင်းသားကျောင်းသူပေါင်း ၁၁၆၁ ဦးကို ပါမောက္ခချုပ်က ဘွဲ့လက်မှတ်များ အပ်နှင်းချီးမြှင့်သည်။

အလားတူ ဇန်နဝါရီ ၂၄၊ ၂၅၊ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင်လည်း ပြည်တက္ကသိုလ်၏ (အဝေးသင်) ဘွဲ့ရကျောင်းသား ကျောင်းသူ ၂၇၇၆ ဦးအား ဘွဲ့လက်မှတ်များ ဆက်လက်အပ်နှင်း ချီးမြှင့်မည်ဖြစ်ကြောင်း ယင်းတက္ကသိုလ်မှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကယားပြည်နယ်အစိုးရအဖွဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဆောင်ရွက်

**လွိုင်ကော် ဇန်နဝါရီ ၁၈**

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် အဖွဲ့ဝင်များ ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ နောင်ယားကန် သန့်ရှင်းသာယာလှပရေးနှင့် ဌာနဆိုင်ရာရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရန် ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ နောင်ယားကန်တွင် အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်အပန်းဖြေ အနားယူလည်ပတ်နိုင်ရန်အတွက် ကန်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး တပ်ရင်း တပ်ဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် အကြမ်းဖက်မှုများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တိုင်းရင်းသားရေးရာဌာနများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီရုံးအဆောက်အအုံများနှင့် ကော်မတီရုံးခန်းများ ပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများအနေဖြင့် သက်ဆိုင်ရာရုံးခန်းများတွင် ရုံးများပြန်လည်ဖွင့်လှစ်ပြီး ပြည်နယ်အတွင်း တိုင်းရင်းသားများ၏ စာပေ၊ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးရန် မှာကြားသည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာရုံး၌ ဌာန၏ လုပ်ငန်းတာဝန်များ ပြန်လည်ဆောင်ရွက်နိုင်ရန်နှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများလုပ်ငန်းများ ဖိတ်ခေါ်ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် ရုံးအဆောက်အအုံ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး အလေးထားကြပ်မတ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။



**ပြည်နယ်(ပြန်/ဆက်)**

# ဆဋ္ဌမအကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာ ပညာရေးပြပွဲ ၂၀၂၅ (ရန်ကုန်)ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၁၈**

ဆဋ္ဌမအကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာ ပညာရေးပြပွဲ ၂၀၂၅ (ရန်ကုန်)ကို ယနေ့နံနက်ပိုင်းတွင် The Eravati Sule Grand Yangon Hotel ၌ ကျင်းပသည်။

အဆိုပါပွဲတော်တွင် ကိုရီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကနေဒါနိုင်ငံ၊ အိန္ဒိယနိုင်ငံများမှ တက္ကသိုလ်နှင့် ကောလိပ်များ၊ ပြည်တွင်းပြည်ပမှ တက္ကသိုလ်နှင့် ကောလိပ်များ၊ ပြည်တွင်းမှ ပုဂ္ဂလိကပညာရေး သင်တန်းကျောင်းများ၊ အိုင်တီ သင်တန်းကျောင်းများ၊ နိုင်ငံခြားဘာသာနှင့် နိုင်ငံခြားတက္ကသိုလ်များ၊ နိုင်ငံခြားသင်ရိုးညွှန်းတမ်းများကို ခင်းကျင်းပြသထားသည့် ကျောင်းများ၊ ကျောင်းနေအရွယ်မှစ၍ ပညာသင်ကြားနိုင်သော နိုင်ငံတကာကျောင်းများ ပါဝင်ပြသထားကြောင်း သိရသည်။

ပြပွဲရက်အတွင်း လာရောက်လေ့လာသူများ၊ ကျောင်းသားလူငယ်များကို သက်ဆိုင်ကျောင်းများမှ ပညာရှင်များက ဆွေးနွေးဟောပြောမည်ဖြစ်ပြီး ကျွမ်းကျင်မှုနှင့် ပညာရေးခေါင်းစဉ်ဖြင့် ဆွေးနွေး ဟောပြောကြမည်ဖြစ်သည်။

အဆိုပါပြပွဲကို ဇန်နဝါရီ ၁၈ ရက်မှ ၁၉ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့လာရောက် လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# မုဒုံမြို့၌ ရော်ဘာအရည်အသွေးတိုးတက်ရေး တွေ့ဆုံဆွေးနွေး

**မုဒုံ ဇန်နဝါရီ ၁၈**

မွန်ပြည်နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းမှ ရော်ဘာအရည်အသွေး တိုးတက်လာရေးအတွက် မုဒုံမြို့နယ်ရှိ MSR စက်ရုံများနှင့် ရော်ဘာကုန်ကြမ်းအဝယ်ဒိုင်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ရွှေဟင်္သာခန်းမ၌ ပြုလုပ်သည်။



တွေ့ဆုံပွဲတွင် မုဒုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်သိမ်းက ရော်ဘာနှင့် ပတ်သက်သည့် စိုက်ပျိုးသည်မှအစ အစေးခြစ်ခြင်း၊ အစေးခဲခြင်း၊ ထုတ်ကုန်အဖြစ်ရောက်ရှိအောင် ဆောင်ရွက်ခြင်း၊ မျိုးကောင်းမျိုးသန့်ပင်များ ထုတ်လုပ်ခြင်း၊ အစေးခဲရာတွင် အသုံးပြုသည့် အရည်အသွေးကောင်းအက်စစ်များ မှာယူတင်သွင်း၍ ထုတ်ကုန်များကို အဆင့်အတန်း မြင့်မားရန်အတွက် ခရမ့်ရော်ဘာစက်ရုံ၊ မှိုင်းရုံများဖြင့် ဆောင်ရွက်ရာတွင် အထောက်အကူပြုစေမည့် MSME ချေးငွေ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ချေးငွေများ ပံ့ပိုးပေးလျက်ရှိကြောင်း၊ မိမိနိုင်ငံ၏ ထုတ်ကုန်များကို အိမ်နီးချင်းနိုင်ငံများနှင့် ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စေရန်၊ နိုင်ငံခြားဝင်ငွေ ရေရှည်တည်တံ့စွာ ရရှိနိုင်ရန်အတွက် ရေရှည်ခံယူချက်ထား၍ ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် မြန်မာ့ရော်ဘာ အရည်အသွေး တိုးတက်စေရန် မုဒုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးငြိမ်းချမ်းကျော်၊ မွန်ပြည်နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌ ဦးမင်းကျန်ရစ်၊ MSR ရော်ဘာစက်ရုံများမှ တာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ ရော်ဘာအဝယ်ဒိုင်များ၊ ရော်ဘာစိုက်တောင်သူများ ပါဝင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျိုင်းတုံမြို့၌ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် အခြေခံပညာအလယ်တန်းဆင့် Grade – 9 အရည်အသွေးမြှင့် (ခရိုင်ဆင့်)ဆွေးနွေးပွဲကျင်းပ

**ကျိုင်းတုံ ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ၂၀၂၄–၂၀၂၅ ပညာသင်နှစ် အခြေခံပညာအလယ်တန်းဆင့် Grade – 9 အရည်အသွေးမြှင့် (ခရိုင်ဆင့်)ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၈ ရက်က အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကျိုင်းတုံခရိုင်ပညာရေးမှူး ဒေါ်စန်းစန်းအေးက အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မျိုးနိုင်က အခြေခံပညာအလယ်တန်းဆင့် Grade –9 သင်ကြား၊ သင်ယူမှုလုပ်ငန်းများထိရောက် အောင်မြင်စေရေးအတွက် ဆရာ ဆရာမများ၏ အရည်အသွေးကို မြှင့်တင်နိုင်ရန်ရည်ရွယ်၍ ဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ ကျိုင်းတုံခရိုင်အတွင်း မြို့နယ်များရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ဆရာ ဆရာမ ၁၅၄ ဦး တက်ရောက်ပြီး ဇန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ ပို့ချဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**





# ကျိုက်မရော၌ ပညာရေးစုံညီပွဲတော်ကျင်းပ

**ကျိုက်မရော ဇန်နဝါရီ ၁၈**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် အ.လ.က (ခွဲ) သက်န်းချောင်ကျောင်း၌ ၂၀၂၄ – ၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းပညာ ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်စုစုငွေးက စုံညီပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဘက်စုံထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား အ.လ.က (ခွဲ) သက်န်းချောင်ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဆွေနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**



## ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံအားပေး

**နေပြည်တော် ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တပ်နယ်အားကစားရုံ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် စိုးကျော်ထက်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။ (ဝဲပုံ)

ထိုသို့တွေ့ဆုံရာတွင်ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ပစ္စည်းများဂုဏ်ပြုပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကလောမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် တောင်လားကျေးရွာအုပ်စု မြင်းဒိုက်ကျေးရွာရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဖောင်တော်ဦး ကျောင်းတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ (ယာပုံ)




ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၉၈ ဦးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်ရှိ သံဃာတော် ၇၉ ပါးနှင့် ဒေသခံပြည်သူ ၁၂၄ ဦးတို့ကို ကန်သာယာဓမ္မာရုံ၌ သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**နေပြည်တော် ဇန်နဝါရီ ၁၈**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာ ကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက် ရှိသည့်အပြင် ပြည်သူ့ဆေးရုံများ၌လည်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်အပါအဝင် မြို့နယ် ၁၇မြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ လည်းကောင်း စာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက စာသင်ကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်းနှင့် ခြင်ခိုအောင်းနိုင်သော နေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။



အလားတူ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ ပြည်သူ့ဆေးရုံ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံဝင်းအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်းနှင့် ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်း ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

◆ *ကျောဖုံးမှ*

ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းမင်းသိန်း၊ မူးယစ်တပ်ခွဲ (၂) တောင်ကြီးမှ ဒုတိယရဲမှူးကြီး လင်းထွဋ်မြင့်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီး သန်းဌေးအောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဌေးအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ဟိုပုံးတပ်နယ်မှ ဗိုလ်ကြီး မြတ်ဇော်စိုးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် တာဝန်ရှိသူများက သွားရောက်ဖျက်ဆီးခဲ့ကြပြီး ဘိန်းစိုက်ခင်း ဖျက်ဆီးရေးအဖွဲ့များအား စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဟိုပုံးမြို့နယ်၌ ဘိန်းစိုက်ခင်းများကို ဒီဇင်ဘာ ၁၆ ရက်မှစတင်၍ ဖျက်ဆီးလျက်ရှိရာ ဘိန်းစိုက်ခင်းဧက စုစုပေါင်း ၁၅၆ ဧက ဖျက်ဆီးနိုင်ခဲ့ပြီး ကျန်ရှိနေသေးသည့် ဘိန်းစိုက်ခင်းများကိုလည်း ဆက်လက်ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

❖ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။ အဝတ်လျှော်စက်အပြည့်အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
❖ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကိုမသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် မအူပင်ခရိုင် မအူပင်မြို့နယ် ကျုံစုတ်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၈**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု) တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ကျုံစုတ်ကျေးရွာ လောကသရဖူသွန်း ဘုရားကြီး၊ ရာပြည့်နေသိဒ္ဓိ တန်ဆောင်းတော်တွင် အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၆၇၅ ဦးတို့ကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကု ဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၅၆ ဦး၊ ခွဲစိတ်ရောဂါ ၆၆ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၇ ဦး၊ ကလေး ရောဂါ ၅၇ ဦး၊ အရိုးရောဂါ ၁၀၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါ ၉၂ ဦး၊ မျက်စိရောဂါ ၉၃ ဦး၊ သွားရောဂါ ၇၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့အပြင် အထွေထွေခွဲစိတ် လူနာ ၁၇ ဦး၊ မျက်စိခွဲစိတ်လူနာ တစ်ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ခတ်မှန်ရိုက်လူနာ ၂၃ ဦး၊အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၈ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၀၆ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာငါးဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



ထိုသို့ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါသည် -

၁။ ကန်းနေတဲ့လူတစ်ယောက်ကကောင်းသွားတော့ ပိုဝမ်းသာတာပေါ့။ အဘွားကို ခွဲမယ်ဆိုကတည်းက ဝမ်းကိုသာသွားတာ အဘွား နဂိုကတည်းက ကြောက်တယ်။ တစ်ခါဆေးရုံသွားပြတုန်းကတည်း သွေးပေါင်တွေကျပြီးတော့ ဂလူးကို့တွေ ချိတ်ရတယ်။ အခုဒီမှာ ဝမ်းသာအားရလည်းရှိတယ်။ အားလည်းပါတယ်။ အကုန်လုံးကျေးဇူးတင်ပါတယ်။ အဘွားကတော့ တာဝန်ရှိတဲ့လူတွေရောပါ အကုန်ကျေးဇူးတင်ပါတယ်။ အဲဒီလိုလာပြီးတော့ သတ္တဝါတွေကို ကယ်ဆယ်တာ အဘွားတို့ အကုန်လုံးကျေးဇူးတင်ပါတယ်။







၂။ ဒီကျုံစုတ်ကျေးရွာမှာ နယ်လှည့် ဆေးကုသရေးအဖွဲ့ရောက်တယ်ကြားလို့ ကျွန်တော့လက်မောင်းက အကျိတ်လေးကို လာပြတာပဲ ဖြစ်ပါတယ်။ ဒီအကျိတ်က နှစ်နှစ်လောက်ရှိပါပြီ။ စာရေးတဲ့အခါမှာ လက်မောင်းက အကျိတ်က ခိုးလိုးခုလုနဲ့ ကိုက်တယ်။ အဲတာကြောင့် ဒီမှာ လာရောက် ပြသရတာပဲဖြစ်ပါတယ်။ ကျွန်တော်ဒီမှာလာပြီး ကုသတဲ့အချိန်မှာ ဆရာဝန်တွေကလည်း စိတ်ရှည်လက်ရှည်နဲ့ ကုသပေးပါတယ်။ အဖိုးအခလည်း လုံးဝမယူဘူးဆိုတော့ ကျွန်တော့်အတွက် အဆင်ပြေပါတယ်။ အခုလိုမျိုး အဖိုးအခမယူဘဲ လာရောက်ကုသပေးတဲ့ ဆရာဝန်တွေ အားလုံးကိုလည်း ကျွန်တော် ကျေးဇူးအထူးပင်တင်ရှိပါတယ်။ နောက်ထပ်လည်း ခုလိုမျိုး နယ်လှည့်ဆေးကုသရေးအဖွဲ့တွေ ထပ်မံလာရောက်ကုသပေးဖို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျာ။

**သတင်းစဉ်**



# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် မလိကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၈**

တနင်္သာရီကမ်းရိုးတန်း ဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အနီး ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကု ဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) သည် ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် မလိကျွန်းတိုက်နယ်ဆေးရုံတွင်အခြေပြု၍ မလိကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူ ၃၁၁ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၅၇ ဦး၊



ခွဲစိတ်ရောဂါ ၁၈ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၉ ဦး၊ ကလေး ရောဂါ ၄၅ ဦး၊ အရိုးရောဂါ ၃၃ ဦး၊ နား၊နှာခေါင်း၊ လည်ချောင်းရောဂါ ၃၀၊ မျက်စိရောဂါ ၅၁ ဦးနှင့်



သွားနှင့်ခံတွင်းရောဂါ ၅၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ မျက်စိခွဲစိတ်လူနာ နှစ်ဦး၊ ဓာတ်မှန်ရိုက်လူနာသုံးဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ခြောက်ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၀ နှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၂ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါသည် -

ဒီလိုမျိုးစေတနာနဲ့ ဆေးကုသလာပေးတဲ့ ဆရာ ဆရာမတွေ စေတနာရှိရှိနဲ့ပေါ့။ ရွာသူရွာသားတွေကို ချစ်တဲ့စိတ်နဲ့ လာကုပေးတဲ့ အတွက်ကြောင့်မလို့ ကျေးဇူးတင်တယ်။ တကယ်လို့များ မြို့မှာသွားရင် လမ်းစရိတ်တွေအများကြီး ကုန်တာပေါ့နော်။ တချို့ဆိုရင်သွားချင်သော်လည်း ငွေကြေးကလည်း မလုံလောက်တဲ့အတွက်ပေါ့နော်။ အခုစေတနာနဲ့ လာလုပ်ပေးတဲ့ အတွက်ကြောင့် မလို့ကျေးဇူးတင်တယ်။**သတင်းစဉ်**



# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် မုံရွာမြို့ အမှတ်(၅၃) အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မုံရွာ ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်းများတွင် ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ကျန်းမာသန်စွမ်းစွာ ပညာသင်နိုင်ရေးအတွက် ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက မုံရွာမြို့ ခံတောရပ်ကွက် အမှတ် (၅၃)အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်းရှိ သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ခြင်များပေါက်ပွားနိုင်သည့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး တို့အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများက စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်



ဦးမြတ်ကျော်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြပြီး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသူများ၊ ရပ်ကွက်နေပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တန်ဖိုးသင့်စားသောက်ကုန်များ၊ ဟင်းသီးဟင်းရွက်များနှင့် စားသုံးဆီများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုများကို ကြည့်ရှုအားပေးသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင် ၁၃ ခရိုင်၊ မြို့နယ် ၉ မြို့နယ်တို့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့များ စုစုပေါင်းအင်အား ၁၁၀၀ ကျော်ဖြင့် အခြေခံပညာကျောင်းများနှင့် မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ မြို့သစ်ရပ်ကွက်ရှိ ဗန္ဓုလဈေးသို့ ရောက်ရှိရာ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်အောင်က အလျား - ၁၂ ပေ၊ အနံ - ၁၀ ပေရှိ ဈေးဆိုင်ခန်းပေါင်း ၄၄ ခန်း ပါဝင်သည့် အလျား - ၂၇၉ ပေ၊ အနံ - ၂၄ ပေ RC နှစ်ထပ်အဆောက်အအုံသစ် တည်ဆောက်နေမှုလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဇန်နဝါရီ ၁၇ ရက် ည ၈ နာရီက ပျံလွန်တော်မူခဲ့သည့် မုံရွာမြို့ အေးသာယာရပ်ကွက် ဇောင်ကြမ်းပင် ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တကုမာရသိရီ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သက်တော် (၆၇)နှစ်၊ သိက္ခာတော်(၄၇)ဝါ မဟာထေရ်မြတ်ကြီး၏ ရုပ်ကလာပ်တော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး တာဝန်ရှိသူများနှင့်အတူ ဈာပနအခမ်းအနားအတွက် အလှူငွေကျပ်သိန်း ၃၀ အား ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# အောင်မြေသာစံမြို့နယ်၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးဘေးလုံခြုံရေးအသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၁၈**

ပူပြင်းခြောက်သွေ့သော ရာသီအချိန်ကာလသို့ ရောက်ရှိလာပြီဖြစ်၍ မီးလောင်မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်၍ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးငွေဝင်း၊ ခရိုင်မီးသတ်ဦးစီးမှူး လ/ထညွှန်ကြားရေးမှူး ဦးကျော်ကိုကို၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ အောင်မြေသာစံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းလင်းနှင့် အဖွဲ့ဝင် နှစ်ဦး၊ အောင်မြေသာစံရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းတင့်နှင့် ရာအိမ်မှူးများ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောင်မြေသာစံမြို့နယ် အောင်မြေသာစံရပ်ကွက် အကွက်အမှတ် (၁၂၀) အတွင်းရှိ အိမ်ခြေ ၁၂၀ ၊ အိမ်ထောင်စု ၁၇၀ နှင့် ပြည်ကြီးတံခွန်မြို့နယ် တောင်မြင့်ရပ်ကွက် အကွက်အမှတ် (၄)၊(၇) ရှိ အရှေ့ဗလီ၊ အလယ်ဗလီ၊ မင်္ဂလာဗလီနှင့် အိမ်ခြေ ၂၀၀ ၏ မီးဘေးလုံခြုံရေးအတွက် လျှပ်စစ်မီးသုံးစွဲမှု စနစ်တကျရှိစေရေး၊ လူနေအိမ်များအတွင် တရားမဝင်လောင်စာဆီများ သိုလှောင်မှုမရှိရေး၊ နေအိမ်ခြံဝင်းများအတွင်း လောင်စာအမှိုက်များ စုပုံထားမှုမရှိရေး၊ အရေးပေါ်ရေးဦး မီးငြိမ်းသတ်ရေး ပစ္စည်းများဖြစ်သော မီးချိတ်မီးကပ်၊ သဲ၊ ရေ၊ လှေကား၊ မီးသတ်ဆေးဘူးများ ဆောင်ရွက်ထားရှိရေး တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေး၍ အသိပညာပေးခြင်း၊ မီးဘေးလုံခြုံရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ညညညညညဍဍဍဍဍဍဍဍဍဍဍ**



# မြိတ်မြို့နယ်၌ ကျေးရွာချင်းဆက် ကတ္တရာလမ်းခင်းဆောင်ရွက်နေမှု ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ် ကြည့်ရှုစစ်ဆေး

**မြိတ် ဇန်နဝါရီ ၁၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးဇော်မိုးဦးနှင့် ညွှန်ကြားရေးမှူး(မြို့ပြ) ဦးစိုးပြည်မှူး၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းထက်ဦးနှင့် တာဝန်ရှိသူများသည် မြိတ်မြို့နယ် ကျေးလက်နေပြည်သူများအတွက် ကျေးရွာချင်းဆက်ကတ္တရာလမ်းခင်း ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၆ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ကျေးလက်နေ ပြည်သူများအတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ရန်ပုံငွေများဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကလွင်-ကရှက်-တောင်ပြိုလမ်း (မြို့ပတ်(၁)လမ်း)တွင် (၁/၃.၅-၂/၇.၅) မိုင်ကြား(၁/၄)မိုင်ကို မူလလမ်းအကျယ်မှ တစ်ဖက်လျှင် ၅ ပေ အကျယ်စီနှင့် မူလပျက်စီးနေသော လမ်းမျက်နှာပြင်၏ လမ်းအနိမ့်အမြင့် ဖြေညှိကတ္တရာခင်းခြင်း၊ ရေပိတ်လွှာ နှစ်ထပ်လောင်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကလွင်-ကရှက်-တောင်ပြိုလမ်း (၂/၇.၅-၃/၃.၅) မိုင်ကြား (၁/၄)မိုင်ကို မူလလမ်းအကျယ်မှ တစ်ဖက်လျှင် ၅ ပေ အကျယ်စီနှင့် မူလပျက်စီးနေသော လမ်းမျက်နှာပြင်၏ လမ်းအနိမ့်အမြင့် ဖြေညှိကတ္တရာခင်းခြင်း၊ ရေပိတ်လွှာ နှစ်ထပ်လောင်းခြင်းကို မြိတ်မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်နေမှုကို အင်ဂျင်နီယာချုပ် ဦးဇော်မိုးဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**

# ဒေးဒရဲမြို့၌ သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေးသင်တန်း လေ့ကျင့်သင်ကြား

**ဒေးဒရဲ ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ရှာဖွေကယ်ဆယ်ရေးသင်တန်းကို ဇန်နဝါရီ ၆ ရက်မှ စတင်၍ မြို့နယ်အားကစားခန်းမ၌ သင်ကြားလေ့ကျင့်ပေးလျက်ရှိသည်။

အဆိုပါ သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေးသင်တန်း လေ့ကျင့်သင်ကြားနေမှုကို ဖျာပုံခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး တပ်ဖွဲ့ဝင်များအား မီးသတ်ဦးစီးဌာနအနေဖြင့် ရပ်ရွာအခြေပြု မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေးနှင့် ကပ်ဘေးအန္တရာယ်များ ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် မြို့နယ်သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်ရာတွင် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးအတွက် ယခုသင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက် တာဝန်ကြီး(၄)ရပ်ဖြစ်သည့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး စသည့်တာဝန်များဆောင်ရွက်ရာတွင် သန္ဓေတပ်ဖွဲ့ဝင်များနှင့်အတူ အရန်မီးသတ်တပ်ဖွဲ့ဝင်များလည်း အတူတကွ ပါဝင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် သင်တန်းသားများအနေဖြင့် ကြိုးကြိုးစားစား သင်ယူလေ့လာသွားကြရန်နှင့် သင်ယူခဲ့သော ဘာသာရပ်များကို အခြေခံပြီး မိမိရပ်ရွာဒေသ မီးဘေးလုံခြုံရေး၊ ရပ်ရွာသဘာဝဘေးအန္တရာယ် လုံခြုံရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးဟောပြောသည်။

အဆိုပါသင်တန်းကို သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး ရွေးချယ်စုဖွဲ့ထားပြီး စည်းကမ်းသေဝပ်မှုနှင့် ရှာဖွေကယ်ဆယ်ရေး ဘာသာရပ်များကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၆ ရက်မှ ၃၁ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သိဒ္ဓိအောင်**



## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၁၈-** ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ဝ ဒသမ ဝ ဒီဂရီဆဲလ်စီးယပ်၊ ပြင်ဦးလွင်မြို့တွင် ၂ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်၊ နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း)တွင် ၃ ဒသမ ဝ ဒီဂရီဆဲလ်စီးယပ်၊ ဟဲဟိုးမြို့တွင် ၃ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်၊ လွိုင်လင်မြို့တွင် ၄ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ်၊ ပင်လောင်းမြို့တွင် ၄ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်၊ တီးတိန်မြို့တွင် ၅ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ်၊ ပူတာအိုမြို့နှင့် မိုင်းယန်းမြို့တို့တွင် ၆ ဒသမ ဝ ဒီဂရီဆဲလ်စီးယပ်စီနှင့် မြစ်ကြီးနားမြို့တွင် ၇ ဒသမ ဝ ဒီဂရီဆဲလ်စီးယပ်တို့ဖြစ်ကြသည်။ **မိုး/ဇလ**

# ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

**မြစ်ကြီးနား ဇန်နဝါရီ ၁၈**

ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပထမနှစ် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများအား မောင်မယ်သစ်လွင် ကြိုဆိုပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အဆိုပါ တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်အေးအေးမော်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ တက်ရောက်အားပေးချီးမြှင့်ကြသည်။

ဦးစွာ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်က ယနေ့အချိန်အခါသည် Information Technology (IT) ခေတ်ဖြစ်သည်နှင့်အညီ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးတိုးတက်မှုများအတွက် ကွန်ပျူတာအသိပညာရှင်၊ အတတ်ပညာရှင်များသည် အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်နေပြီဖြစ်ပါကြောင်း၊ ယနေ့ လူငယ်မောင်မယ်များ အနေဖြင့် မိမိတို့၏ ပညာသင်ကာလတစ်လျှောက်လုံးတွင် ပညာရပ်ပိုင်းဆိုင်ရာ လေ့လာဆည်းပူးမှုများ ပြုလုပ်ကြရမည် ဖြစ်သကဲ့သို့ ဆန်းသစ်တီထွင် ကြံဆမှုများကိုလည်း လုပ်ဆောင်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ စွမ်းရည်မြင့်မားပြီး တီထွင်ကြံဆနိုင်သော IT ပညာရှင်များ ဖြစ်လာအောင် ကြိုးစားတည်ဆောက်ပြီး ဒေသအကျိုး၊ နိုင်ငံအကျိုး သယ်ပိုးနိုင်သော လူငယ်ပညာရှင်များဖြစ်အောင် ကြိုးစားကြရန် အလေးအနက်ထား တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပညာရည်ချွန်ဆုများကို ပေးအပ်ချီးမြှင့်ရာ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်တို့က ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်နှင့် ပဉ္စမနှစ် စသည့် သင်တန်းနှစ်အလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုရ ကျောင်းသား ကျောင်းသူများနှင့် (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရထူးချွန် ကျောင်းသားတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသား ကျောင်းသူများ၏ တိုင်းရင်းသားရိုးရာ တေးသရုပ်ဖော် အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို အားပေး ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



# အလုံမြို့နယ်၌ တီဘီရောဂါလူနာကွင်းဆင်းရှာဖွေခြင်းနှင့် ဓာတ်မှန်ရိုက်စစ်ဆေးပေးခြင်း ဆောင်ရွက်

**အလုံ ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်၌ တီဘီရောဂါလူနာကွင်းဆင်းရှာဖွေခြင်းနှင့် ဓာတ်မှန်ရိုက်စစ်ဆေးပေးခြင်းတို့ကို ယမန်နေ့နံနက်ပိုင်းက မိုးကောင်းသစ်ဆိပ်ဝင်းနှင့် ဌာနာရပ်ကွက်တို့၌ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း (ဗဟို-ရန်ကုန်ရုံးခွဲ)မှ ဒေါက်တာ စောနွဲ့နွဲ့မြင့် (လက်ထောက်ညွှန်ကြားရေးမှူး) ဦးဆောင်သော ဝန်ထမ်းများသည် အလုံမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသဇင်ခိုင် ဦးဆောင်သော အခြေခံကျန်းမာရေး ဝန်ထမ်းများနှင့် ပူးပေါင်း၍ တီဘီရောဂါလူနာကွင်းဆင်းရှာဖွေခြင်းနှင့် ဓာတ်မှန်ရိုက်စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ရာ မိုးကောင်း သစ်ဆိပ်ဝင်းတွင် အထွေထွေရောဂါလူနာ ၉၄ ဦးကို ကုသမှုပေးခဲ့ပြီး ဓာတ်မှန်ရိုက် စစ်ဆေးပေးရာ တီဘီလူနာ ငါးဦး (Initial regimen- 4 & Childhood regimen- 1) ဦးတို့ကို ရှာဖွေဖော်ထုတ် ကုသမှုပေးခြင်းနှင့် ဌာနာရပ်ကွက်တွင် အထွေထွေရောဂါလူနာ ၁၄၁ ဦးကို ကုသမှုပေးပြီး ၁၃၇ ဦးကို ဓာတ်မှန်ရိုက် စစ်ဆေးပေးရာ တီဘီလူနာ ငါးဦး (Initial regimen) တို့ကို ရှာဖွေဖော်ထုတ် ကုသမှုပေးခြင်းနှင့် TPT (TB prophylaxis treatment- တီဘီရောဂါကာကွယ်ဆေး) လေးဦး တိုက်ကျွေးမှုပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



○ ကျောဖုံးမှ

၇၂ ပွဲဆက် ရှုံးပွဲမရှိစံချိန်နှင့်အတူ ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ယခုရာသီ ပထမဆုံးရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရပြီး ချန်ပီယံမျှော်လင့်ချက်မှာလည်း ဝေဝါးသွားပြီဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းတွင် နိုင်ငံခြားသားကစားသမားငါးဦးစလုံး တစ်ပြိုင်တည်းအသုံးပြုခဲ့ပြီး နန္ဒကျော်၊ ကျော်ဇင်ဖြိုး(ဂိုး)၊ မြတ်ကောင်းခန့်တို့ဖြင့် တွဲဖက်အသုံးပြုခဲ့သလို ရန်ကုန်ယူနိုက်တက်အသင်းကလည်း ဒေးဗစ်ထန်၊ ကောင်းစည်သူ၊ ဥက္ကာနိုင်၊ လှိုင်းဘိုဘို၊ ဝေလင်းအောင်တို့ဖြင့် လူစုံခဲ့သည်။ ပွဲအစတွင် ရှမ်းယူနိုက်တက်အသင်းက ဖိကစားခဲ့ပြီး ခုနစ်မိနစ်တွင် ကွင်းလယ်ကစားသမား မြတ်ကောင်းခန့်က ယခုပွဲ၏ တစ်လုံးတည်းသောအနိုင်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းက ချေပဂိုးရရန် တောက်လျှောက်ကြိုးပမ်းခဲ့ရာ ဂိုးပြန်ရနိုင်သည့်အခွင့်အရေးများရသော်လည်း တိုင်ထိ၊ ဘားထိဖြစ်ခဲ့သဖြင့် ပထမပိုင်းအပြီးကတည်းက ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းက ချေပဂိုးရရန် ကစားသမားများပြောင်းလဲကာ တိုက်စစ်မြင့်ခဲ့သလို ရှမ်းယူနိုက်တက်အသင်းက အနိုင်ရလဒ်ကို ဦးတည်ကစားခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ချေပဂိုးရရှိအောင် မစွမ်းဆောင်နိုင်သဖြင့် ယခုရာသီ ပထမဆုံးရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက်အသင်းမှ ဟိန်းဖြိုးဝင်းက ရရှိသည်။ ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၆ ပွဲကစား ၄၆ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၁၆ ပွဲကစား ၃၅ မှတ် ရရှိထားသည်။

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက ရခိုင်ယူနိုက်တက်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ တန်းဆင်းဇုန်မှ လွတ်ရန် ရုန်းကန်နေသည့် ရခိုင်ယူနိုက်တက်အသင်း ရှုံးပွဲပြန်တွေ့ခဲ့သဖြင့် ဖိအားပိုများသွားခဲ့သည်။ ရတနာပုံအသင်းအတွက် ဂိုးများကို ငါးမိနစ်တွင် စိုးမင်းဦး၊ ၅၆ မိနစ်တွင် ပြည်မိုး၊ ၇၂၊ ၈၃ မိနစ်တွင် ကြည်စိုးက သွင်းယူပြီး ရခိုင်ယူနိုက်တက်အသင်းအတွက် ဂိုးများကို ၁၅ မိနစ်တွင် မိုကာလူးနှင့် ၂၅ မိနစ်တွင် သန်းကျော်ဌေးတို့က သွင်းယူသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရတနာပုံအသင်းမှ မိုးဆွေက ရရှိသည်။ ယခုပွဲအပြီးတွင် ရတနာပုံအသင်းက ၁၆ ပွဲကစား ၂၂ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၆ ပွဲကစား ခြောက်မှတ် ရရှိထားသည်။

ပွဲစဉ် (၁၆) တတိယနေ့ကို ဇန်နဝါရီ ၁၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် မြဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

# မောက်မယ်မြို့နယ်၌ မောက်မယ် - ရှာသစ် ကျောက်ချောလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

**လင်းခေး ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) မောက်မယ်မြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်(မူလ) ခွင့်ပြုရန်ပုံငွေဖြင့် စဥ့်ဝင်ကျေးရွာအုပ်စု မောက်မယ် - ရွာသစ် ကျေးရွာလမ်းအား ကျောက်ချောလမ်းသို့ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာ လင်းခေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်ဆွေဆွေနွယ်နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာတို့သည် မောက်မယ် - ရွာသစ် ကျေးရွာသွားလမ်း အရှည် ငါး ဖာလုံ၊ အကျယ် ၁၆ပေ၊ ဒု ၁၄ လက်မရှိ ကျောက်ချာလမ်း ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မောက်မယ်-ရွာသစ် ကျေးရွာလမ်းကို ကျောက်ချောလမ်းသို့ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်(မူလ) ခွင့်ပြုရန်ပုံငွေကျပ် ၁၄၀ ဒသမ ၈၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် ခရမ်းချယ်ရီကုမ္ပဏီမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများ အားလုံး၏ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**

# အာရှဖလား အမျိုးသမီးဖူဆယ်ခြေစစ်ပွဲတွင် အသင်းခြောက်သင်း ခြေစစ်ပွဲအောင်မြင်ထားပြီး နောက်ဆုံးနေ့တွင် သုံးသင်း ထပ်မံထွက်ပေါ်မည်

**ရန်ကုန် ဇန်နဝါရီ ၁၈**

လက်ရှိကျင်းပနေသည့် ၂၀၂၅ အာရှဖလား အမျိုးသမီးဖူဆယ် ခြေစစ်ပွဲ အုပ်စုနောက်ဆုံးပွဲ မတိုင်မီ ခြေစစ်ပွဲအောင်မြင်သည့်အသင်း ခြောက်သင်း ထွက်ပေါ်ထားပြီး ဇန်နဝါရီ ၁၉ ရက် နောက်ဆုံးနေ့တွင် သုံးသင်း ထပ်မံထွက်ပေါ်မည် ဖြစ်သည်။

နောက်ဆုံးနေ့ကို ဇန်နဝါရီ ၁၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အုပ်စု (A) ပွဲစဉ်များအဖြစ် မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် ဘာရိန်းအသင်းနှင့် ပါလက်စတိုင်းအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီတွင် ထိုင်းအသင်းနှင့် လက်ဘနွန်အသင်း၊ အုပ်စု (B) ပွဲစဉ်များအဖြစ် မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် အိန္ဒိယအသင်းနှင့် ကာဂျစ္စတန်အသင်း၊ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် အင်ဒိုနီးရှားအသင်းနှင့် ဟောင်ကောင်အသင်း၊ အုပ်စု (C) ပွဲစဉ်များအဖြစ် မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ဩစတြေးလျအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ဥဇဘက်ကစ္စတန်အသင်းနှင့် တာ့ခ်မင်နစ္စတန်အသင်း၊ အုပ်စု (D) ပွဲစဉ်များအဖြစ် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဗီယက်နမ်အသင်းနှင့် တရုတ်(တိုင်ပေ)အသင်း၊ မြန်မာစံတော်ချိန် ညနေ ၅ နာရီတွင် မြန်မာအသင်းနှင့် မကာအိုအသင်း ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။ ဇန်နဝါရီ ၁၇ ရက်ပွဲစဉ်များအပြီးတွင် အုပ်စု (A) မှ ထိုင်းအသင်း၊ အုပ်စု (B) မှ အင်ဒိုနီးရှားအသင်းနှင့် ဟောင်ကောင်အသင်း၊ အုပ်စု (C) မှ ဩစတြေးလျအသင်း၊ အုပ်စု (D) မှ ဗီယက်နမ်နှင့် တရုတ်(တိုင်ပေ)အသင်းတို့ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဇန်နဝါရီ ၁၉ ရက်တွင် ကျင်းပမည့် အုပ်စုနောက်ဆုံးနေ့တွင် သုံးသင်းသာ ထွက်ပေါ်မည်ဖြစ်ပြီး အကောင်းဆုံးအုပ်စုတတိယနေရာရ တစ်သင်းပါဝင်မည်ဖြစ်သည်။



**အာရှဖလား အမျိုးသမီးဖူဆယ်ခြေစစ်ပွဲ ယှဉ်ပြိုင်နေသည့် မြန်မာအသင်း။**

ခြေစစ်ပွဲကို အုပ်စုလေးခုခွဲ၍ ကျင်းပနေပြီး အုပ်စုလေးခုမှ ထိပ်ဆုံးနှစ်သင်းစီနှင့် တတိယနေရာရ အသင်းများအနက် အကောင်းဆုံးတစ်သင်း စုစုပေါင်း ကိုးသင်း ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

# MSMEs တို့အတွက် ဒစ်ဂျစ်တယ်နည်းပညာ

**ယနေ့ခေတ် ဒစ်ဂျစ်တယ်အခင်းအကျင်း ပြောင်းလဲဖြစ်ပေါ်မှုက မြန်ဆန်သည်။ MSMEs ခေါ် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ အောင်မြင်ရေးတွင် ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုမှာ မလွဲမရှောင်သာ လိုအပ်လာပြီဖြစ်သည်။ ဒစ်ဂျစ်တယ်နည်းပညာပြောင်းလဲမှုသည် ခေတ်လူတို့၏ နေထိုင်ပုံ၊ အလုပ်လုပ်ပုံနှင့် လုပ်ငန်းဆောင်ရွက်ပုံတို့တွင် ကစားကွက်များ ပြောင်းလဲလာစေသည်။ ဒစ်ဂျစ်တယ်နည်းပညာက MSMEs များ လုပ်ငန်းတိုးတက်ရေး၊တိုးချဲ့ရေးအတွက် ကြီးမားသော အခွင့်အလမ်းများပေးနေသည်။ သို့သော် စစ်မှန်သည့် ကျွမ်းကျင်မှု၊ အသိပညာတို့ဖြင့် ကျော်လွှားရမည့် စိန်ခေါ်မှုများလည်းရှိနေသည်။**

မြင့်မောင်(Phil-Q)

**MSMEs များအပေါ်သက်ရောက်မှု**

စတုတ္ထမြောက်စက်မှုတော်လှန်ရေး ပေါ်ထွန်းလာမှုက စီးပွားရေးကဏ္ဍကြီးတစ်ရပ်လုံး လျင်မြန်လှသည့် ဒစ်ဂျစ်တယ်အသုံးချမှု ဖြစ်စဉ်ကြီးကို ဆောင်ကြဉ်းလာ၏။ အဆိုပါ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုသည် MSMEs များအတွက် ဝင်ပေါက်သစ်များ ပွင့်လာစေသည်။ ယခင်က စိတ်ပင်မကူးရဲသည့် ကမ္ဘာ့ဈေးကွက်သို့ ဝင်ရောက်ခွင့်များ လက်တစ်ကမ်းသို့ ရောက်လာ၏။ စီးပွားရေးကစားကွင်း၌ လုပ်ငန်းကြီးများနှင့် တစ်ပြေးညီ ကစားနိုင်စွမ်းရှိလာစေသည်။

သို့သော် MSMEs လုပ်ငန်းများအနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာ လက်တွေ့အသုံးချနိုင်စွမ်း မရှိလျှင် လုပ်ငန်းတိုးတက်ကြီးပွားရေးအတွက် အခွင့်အလမ်းအလားအလာများ လက်လွှတ်ရကာ လုံးပါးပါးသွားမည့် အခြေအနေမျိုးသို့ ဆိုက်ရောက်လိမ့်မည်ဟု လေ့လာသူများကဆိုကြ၏။

**MSMEs အောင်မြင်မှုအတွက် ဒစ်ဂျစ်တယ်နည်းပညာ**


ယနေ့ ဒစ်ဂျစ်တယ်စီးပွားရေးခေတ်ကြီးတွင် MSMEs လုပ်ငန်းများ ရှင်သန်နိုင်စွမ်းရှိရေးအတွက် ဆိုလျှင် ဒစ်ဂျစ်တယ်နည်းပညာပိုင်း ကျွမ်းကျင်လာစေရေးလိုအပ်ချက်နှင့်ပတ်သက်၍ မိမိတို့ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရေးက သေရေးရှင်ရေးတမျှ အရေးကြီးသည်။

MSMEs လုပ်ငန်းများ ဒစ်ဂျစ်တယ်နည်းပညာ ကျွမ်းကျင်မှုရှိလာရေးနှင့် ပတ်သက်သည့် အစီရင်ခံစာတစ်ရပ်၌ MSMEs လုပ်ငန်းများ ဒစ်ဂျစ်တယ်နည်းပညာကို ထဲထဲဝင်ဝင် အသုံးပြုလိုစိတ်များ ရှိလာရေးအတွက် လက်တွေ့ကျသော အဆိုပြုချက်များ၊ အားထုတ်လိုစိတ်များ ဖြစ်ပေါ်စေမည့် အဆိုပြုချက်များ လိုအပ်သည်ဟု မီးမောင်းထိုးပြထားသည်။

ထိုလိုအပ်ချက်နှင့် အံဝင်ခွင်ကျရေးဆွဲထားသည့် သင်တန်းများပေးခြင်း၊ လက်တွေ့ကျသည့် စီမံချက်များဖြင့် ကနဦးပံ့ပိုးပေးခြင်းတို့ဖြင့် အတားအဆီးများ ကျော်လွှားကာ ဒစ်ဂျစ်တယ်နည်းပညာနယ်ပယ်အတွင်းသို့ အင်ပြည့်အားပြည့် ဝင်ရောက်နိုင်မည်ဖြစ်၏။

**ကျွမ်းကျင်မှုကွာဟချက်နှင့် အကောင်းဆုံးအလေ့အကျင့်**

သုတေသနတစ်ခု ကျယ်ကျယ်ပြန့်ပြန့်လုပ်ခြင်း၊ လုပ်ငန်းလုပ်ကိုင်နေသူများနှင့် တိုင်ပင်ဆွေးနွေးခြင်းတို့မှ ရရှိလာသည့် အဖိုးတန်အသိအမြင်တို့ဖြင့် ဒစ်ဂျစ်တယ်စီးပွားရေး၌ MSMEs များ ယှဉ်ပြိုင်နိုင်ရေးနှင့် ကြီးပွားတိုးတက်ရေးအတွက် လိုအပ်သော ကျွမ်းကျင်မှုများကို ဖော်ထုတ်ရရှိခဲ့၏။ AI၊




ကလောက်ဒ်၊ ဆိုက်ဘာလုံခြုံရေးနှင့် ဒေတာသိပ္ပံကဲ့သို့သော နည်းပညာပိုင်း တတ်ကျွမ်းနားလည်မှုသည် တစ်ဟုန်ထိုးတိုးတက်လာနေသည့် အလုပ်ကမ္ဘာကြီးတွင် လုပ်ငန်းများ စနစ်တကျလည်ပတ်ရေးအတွက် အရေးပါအရာရောက်သည်။

သို့သော် လက်ရှိကျွမ်းကျင်မှုများနှင့် နည်းပညာဆိုင်ရာ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုတို့အကြား ကွာဟချက်ကြီးမားနေသည်ဆို၏။ ယနေ့လုပ်ငန်းခွင်များ၌ ဒစ်ဂျစ်တယ်ပိုင်းကျွမ်းကျင်မှု ပို၍လိုအပ်လာသလို ဒစ်ဂျစ်တယ်မဟုတ်သော ကျွမ်းကျင်မှုများလည်း လိုအပ်ချက်ကြီးမားသည်။ ဒစ်ဂျစ်တယ်မဟုတ်သော ကျွမ်းကျင်မှုများဟူသည် ခေါင်းဆောင်မှု၊ တီထွင်ဖန်တီးမှု၊ စိတ်ခံစားချက်ထိန်းချုပ်မှု၊ ပြဿနာဖြေရှင်းမှု၊ ခွဲခြမ်းစိတ်ဖြာစဉ်းစားမှု၊ လိုက်လျောညီထွေကျင့်သုံးနိုင်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်သွယ်ရေးတို့ဖြစ်ပြီး ယင်းတို့ကို Non-digital skills သို့မဟုတ် Transversal skills ဟု သုံးနှုန်း၏။

ဒစ်ဂျစ်တယ်ကျွမ်းကျင်မှု မဖြစ်မနေလိုအပ်သည်ဆိုပြီး ထိုအပိုင်းကချည်း ဖိမလုပ်ဘဲ ဒစ်ဂျစ်တယ်မဟုတ်သော ကျွမ်းကျင်မှုအတွက်လည်း အာရုံစိုက်ပေးရန်လိုမည်။ တစ်ဖက်တွင်လည်း ဒစ်ဂျစ်တယ်ကျွမ်းကျင်လုပ်သားအင်အားစုများ ပျိုးထောင်မွေးထုတ်ပေးရန်လိုသလို ထိုကျွမ်းကျင်မှုနှစ်မျိုးကြား ကွာဟချက်ကိုပေါင်းကူးပေးရန် သင်တန်းများနှင့် အရည်အသွေးမြှင့်တင်ရေးတို့ကို စဉ်ဆက်မပြတ်လုပ်ဆောင်ရန် လိုမည်ဖြစ်၏။

**အကျိုးကျေးဇူးများ**

ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုကို မောင်းနှင်ပေးမည့် ရင်းမြစ်စွမ်းအားစုများအတွက် အခက်အခဲအချို့ ရှိနိုင်သော်လည်း ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်ပိုင်နိုင်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးကမူ ထိုနည်းပညာအတွက် ကောင်းကောင်းကြီးရင်းနှီးမြှုပ်နှံထိုက်သည်။ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုသည် MSMEs လုပ်ငန်းများကို အခြေခံကျကျ ပြုပြင်ပြောင်းလဲနိုင်မည်။ ဒစ်ဂျစ်တယ်နည်းပညာမြင့်မားသည့် MSMEs သည် ပွင့်လင်းမြင်သာမှု၊ စီမံခန့်ခွဲရေးဆိုင်ရာ အဆုံးအဖြတ်များအပေါ် သဘောတူလက်ခံသည့်နှုန်းထား မြင့်မားသည်ဆို၏။

ထို့အပြင် ဒစ်ဂျစ်တယ်နည်းပညာ မြင့်မားသည့် လုပ်ငန်းများမှ အလုပ်သမားများသည် ယင်းတို့၏ အနာဂတ်အလုပ်အကိုင်အတွက် ပို၍အကောင်းမြင်ကြောင်းလည်း လေ့လာတွေ့ရှိရ၏။ ယင်းမှာ အသက်မွေးဝမ်းကျောင်းဘဝ တိုးတက်ရေးအပေါ် ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်မှု၏ အပြုသဘောသက်ရောက်မှုကို ထင်ဟပ်နေခြင်းဖြစ်၏။ ဒစ်ဂျစ်တယ်ပိုင်းကျွမ်းကျင်မှုသည် အလုပ်သမားများ၏ တစ်ဦးချင်းလုပ်နိုင်စွမ်း မြင့်တက်လာစေသကဲ့သို့ MSMEs လုပ်ငန်းများ၏ အလုံးစုံယှဉ်ပြိုင်နိုင်စွမ်းအတွက်လည်း များစွာအထောက်အကူဖြစ်စေသည်။

ဒစ်ဂျစ်တယ်နည်းပညာပိုင်းကို အရှိန်မြှင့်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများသည် မိမိတို့၏ လုပ်ငန်းလည်ပတ်မှုကို သွက်လက်မြန်ဆန်စေသည်။ ရင်းမြစ်စွမ်းအားစုကို အကျိုးအရှိဆုံးအသုံးချကာ အမြင့်ဆုံးထုတ်လုပ်မှုစွမ်းအား ရရှိစေနိုင်သည်။ ဖောက်သည်များအပေါ် ပို၍အာရုံစိုက်လာနိုင်သည်။ သာဓကအားဖြင့် ဈေးကွက်ရှာဖွေရေးတွင် ဒစ်ဂျစ်တယ် နည်းပညာအသုံးပြုခြင်းဖြင့် မိမိ၏ရည်မှန်းဖောက်သည်များနှင့် ပို၍ထိတွေ့နိုင်စွမ်းရှိစေသည်။ အချက်အလက်သရုပ်ခွဲကျွမ်းကျင်မှုသည် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ရေရှည်နှင့် ဆက်စပ်လွှမ်းခြုံသည့် လုပ်ငန်းအောင်မြင်ရေး ရည်မှန်းချက်များ ချမှတ်ရာတွင် အဖိုးမဖြတ်နိုင်သော ထိုးထွင်းသိမြင်မှုများ ရရှိစေ၏။

**အတားအဆီးများ ကျော်လွှားခြင်းနှင့် လက်ကမ်းကြိုဆိုခြင်း**

ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုကို အပြည့်အဝလက်ခံအသုံးပြုရန်အတွက် MSMEs တို့သည် ဒစ်ဂျစ်တယ်နည်းပညာ ရယူအသုံးချရေး အဟန့်အတားများကို ကျော်လွှားရန် လိုအပ်သည်။ ဒစ်ဂျစ်တယ်ပညာ အမှန်တကယ်တတ်ကျွမ်းသည့် အလုပ်သမားများမရှိခြင်းက များစွာသောလုပ်ငန်းများအတွက် ကြီးမားသော အတားအဆီးတစ်ခုဖြစ်၏။ ဥရောပနိုင်ငံများ၌ပင် အခြေခံဒစ်ဂျစ်တယ်နည်းပညာပိုင်းကျွမ်းကျင်မှုတွင် အားနည်းမှုရှိနေသည်ဟု ၎င်းတို့၏ လေ့လာသူများက ဆိုသည်။ ထိုအချက်က အလုပ်အင်အားစုများအတွင်း ထိုနည်းပညာပိုင်းကျွမ်းကျင်မှု မြှင့်တင်ရန် အလောတကြီးလိုအပ်နေကြောင်း မီးမောင်းထိုးပြနေခြင်းဖြစ်သည်ဟုလည်း ဆို၏။

**ဒစ်ဂျစ်တယ်အတွက် ရက်ရွှေ့မနေသင့်**

MSMEs လုပ်ငန်းများ ဒစ်ဂျစ်တယ်နည်းပညာ ကျွမ်းကျွမ်းကျင်ကျင် အသုံးပြုရေးကို မြန်နိုင်သမျှ မြန်မြန်စတင်သင့်သည်။ ယနေ့ ဒစ်ဂျစ်တယ်ကမ္ဘာကြီးတွင် မိမိလုပ်ငန်း ရှင်သန်အောင်မြင်ရေးအတွက် မဖြစ်မနေလိုအပ်သည်မှာ ခေတ်မီနည်းပညာဖြစ်၏။ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုကို ယုံကြည်မှုရှိရှိဖြင့် လုပ်ရမည်။ အမှန်တကယ်လိုအပ်သော၊ အရေးပါအရာရောက်သော အဆိုပါအရည်အသွေးဖြင့် စွမ်းရည်မြှင့်တင်ရမည်။ သို့မှသာ MSMEs များသည် အခွင့်အလမ်းသစ်များ ရယူခြင်းဆိုသည့် ရွှေတံခါးကိုဖွင့်နိုင်မည်။ ယှဉ်ပြိုင်မှုများ အောင်မြင်နိုင်မည်။ မိမိလုပ်ငန်းကို ရှေ့သို့လှမ်းချီနိုင်မည်။ ဒစ်ဂျစ်တယ်နည်းပညာအသုံးချမှု၏ အကျိုးကျေးဇူးကို တစ်ဦးချင်းစီ၏ စွမ်းပကား၊ အဖွဲ့အစည်းလိုက် အလေ့အထ၊ အလုပ်သမားကျေနပ်မှုနှင့် အလုံးစုံလုပ်ငန်းစွမ်းဆောင်ရည်တို့အထိ ဆက်လက်ချဲ့ထွင်ရမည်။

ဒစ်ဂျစ်တယ်နည်းပညာပိုင်း ကျွမ်းကျင်မှုတည်ဆောက်ရာ၌ အတားအဆီးများကို ကျော်လွှားရန် MSMEs များသည် သင့်တော်သော လေ့ကျင့်သင်ကြားရေးအစီအစဉ်များ ရေးဆွဲသင်ကြားရန် လိုအပ်သည်။ နည်းပညာအခြေခံသင်တန်းများနှင့် ကျွမ်းကျင်မှုမြှင့်တင်ရေး သင်တန်းများအတွက် ငွေသုံးသင့်သည်။ သို့မှသာ လုပ်ငန်းထိရောက်မှုနှင့် ထုတ်လုပ်မှုစွမ်းအား မြင့်တက်မည်။ ရှေ့မှ ဦးဆောင်ယှဉ်ပြိုင်နိုင်မည်။ ဒစ်ဂျစ်တယ်စီးပွားရေးတွင် ရေရှည်အောင်မြင်စွာ ရပ်တည်နိုင်မည်ဖြစ်သည်။

အနှစ်ချုပ်ဆိုရလျှင် ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်မှုသည် ရွေးစရာတစ်ခုမဟုတ်ပါ။ ဒစ်ဂျစ်တယ်ခေတ်တွင် MSMEs တို့ ရှင်သန်ကြီးထွားရေးအတွက် လုပ်ကိုလုပ်ရမည့် နည်းပညာဖြစ်၏။ ဒစ်ဂျစ်တယ်နည်းပညာ အသုံးချရေးကို မြန်နိုင်သမျှမြန်မြန် စတင်လိုက်ခြင်းက အကောင်းဆုံးဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

**ဒစ်ဂျစ်တယ်နည်းပညာပိုင်းကို အရှိန်မြှင့်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများသည် မိမိတို့၏ လုပ်ငန်းလည်ပတ်မှုကို သွက်လက်မြန်ဆန်စေသည်။ ရင်းမြစ်စွမ်းအားစုကို အကျိုးအရှိဆုံးအသုံးချကာ အမြင့်ဆုံးထုတ်လုပ်မှုစွမ်းအား ရရှိစေနိုင်သည်။ ဖောက်သည်များအပေါ် ပို၍အာရုံစိုက်လာနိုင်သည်။ သာဓကအားဖြင့် ဈေးကွက်ရှာဖွေရေးတွင် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုခြင်းဖြင့် မိမိ၏ရည်မှန်းဖောက်သည်များနှင့် ပို၍ထိတွေ့နိုင်စွမ်းရှိစေသည်။ အချက်အလက်သရုပ်ခွဲကျွမ်းကျင်မှုသည် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ရေရှည်နှင့် ဆက်စပ်လွှမ်းခြုံသည့် လုပ်ငန်းအောင်မြင်ရေးရည်မှန်းချက်များ ချမှတ်ရာတွင် အဖိုးမဖြတ်နိုင်သော ထိုးထွင်းသိမြင်မှုများ ရရှိစေ၏**

# တရားမဝင်လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၂၉၈၂၉၈) ကို လည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၉၁၃၇၅၈၀)ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၇၄၃၅၈၇၈ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၉၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yar Zar Min Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၅၉၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ ရွှေဘိုမြို့သို့ မောင်းနှင်လာသောမော်တော်ယာဉ်တစ်စီးပေါ်မှ






သီလဝါဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၈၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့ အင်းလေးမြိုင်ရပ် မင်းဓမ္မလမ်းရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၀၅၀၀၀)ကိုလည်းကောင်း၊ မြိတ်မြို့ အထက်ရေပုန်းရပ် စပါးရွှေဝါလမ်းရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) ကိုလည်းကောင်း၊ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ကမ်းသာယာလမ်း ကြက်ဒိုင်ဆိပ်အနီး မြစ်ကမ်းဘေး၌ စုပုံထားသောအကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၇၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၃၀၅၀၀၀ ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၈ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့နယ် နောင်နွန်းပူးပေါင်းစစ်ဆေးရေးဂိတ်အနီး လမ်းဘေး၌ စုပုံထားသောအကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်းသုံးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၈၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၆၊ ၁၇ နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ(၁၁)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၄၂၁၀၈၇၈)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန် အစားထိုးပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

သတင်းစဉ်

## ကျိုက်မရောမြို့နယ်၌ ငွေကျပ်သိန်း ၁၀၈၀ တန်ဖိုးရှိ စိတ်ကြွဆေးပြား ၅၄၀၀၀ နှင့် ပစ္စတိုသေနတ် တစ်လက် ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

ဇန်နဝါရီ ၁၅ ရက် ညနေ ၆ နာရီခွဲတွင် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုက်မရောမြို့နယ် လက်ပံကျေးရွာနေ မခလိန်း၏ နေအိမ်အား သတင်းအရ ရှာဖွေရာ နေအိမ်အပေါ်ထပ်ညှော်ခန်းအတွင်းရှိ ကော်ပုံးနှစ်ပုံးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀၀၊ 9mm ပစ္စတိုသေနတ်တစ်လက်၊ ကျည်အိမ်တစ်ခုနှင့် ၎င်းကျည် ၂၆ တောင့်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် မခလိန်း(၅၅)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။



မခလိန်းအား သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

(ရဲပြန်ကြား)

## မိုင်းဆတ်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

ဇန်နဝါရီ ၁၇ ရက် ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် စတုံးကျေးရွာအုပ်စု လွယ်ပါရင် ကျေးရွာအနီး၌ ကျီနူး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းလွယ်ထားသည့် ကျောပိုးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ကျီနူး (၁၉) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။



ကျီနူးအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

(ရဲပြန်ကြား)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၈**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှု လုပ်ဆောင်ခဲ့သည့် “သန်းလှိုင် သန်းလှိုင်” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၅၆)ရပ်ကွက်နေ သန်းဇော်အား နံနက် ၈ နာရီ ၁၀ မိနစ်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပြည်မြို့ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လူငယ့်အလင်းရောင် စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်



**ပြည် ဇန်နဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယမန်နေ့က ပြည်မြို့ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေးပြီး လူငယ့်အလင်းရောင် စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြည်မြို့ အမှတ်(၆) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀) ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားခဲ့ပြီး ဆေးရုံတက်ရောက်လူနာများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နတ်တလင်းမြို့နယ် ပွတ်စုကျေးရွာသို့ ရောက်ရှိခဲ့ပြီး လူငယ့်အလင်းရောင်စာကြည့်တိုက်အား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်၊ စီးပွားရေးရာဝန်ကြီး ဦးတင်ဦး၊ လမ်းပန်းဆက်သွယ်ရေးရာဝန်ကြီး ဦးတင်ဆွေ၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်တို့က လူငယ့်အလင်းရောင်စာကြည့်တိုက်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး စာကြည့်တိုက်ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်း ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြပြီး စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## တွံတေးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းများ ကွင်းဆင်းဆောင်ရွက်

**တွံတေး ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ပသီကျေးရွာ၌ ပန်းခင်းစီမံချက်အဆင့်(၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းများ ဇန်နဝါရီ ၁၇ ရက်က ကွင်းဆင်းဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တွံတေးမြို့နယ်ဦးစီးမှူးရုံးမှ ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူး ဒေါ်အိအိဖြိုးနှင့် ဝန်ထမ်းများက အသက် ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများကို ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ ပန်းခင်းစီမံချက်ဖြင့် သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် နိုင်ငံသားများ မကျန်ရှိစေရေးအတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**တွံတေးသား**




## ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ စက်သုံးဆီဆိုင်များအား မီးဘေးလုံခြုံရေးစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၇ ရက်က မြို့နယ်အတွင်းရှိ စက်သုံးဆီဆိုင် ငါးဆိုင်ကို မီးဘေးလုံခြုံရေးစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ရာဇာဖြိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စက်သုံးဆီဆိုင်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း၊ ဝန်ထမ်းများအား မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုနည်း ရှင်းလင်းပြသခြင်း၊ လက်တွေ့မီးငြိမ်းသတ်စေခြင်း၊ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ ထားရှိမှုကို လိုက်လံစစ်ဆေးခြင်း၊ ဆီသိုလှောင်ကန် စနစ်တကျထားရှိရေးနှင့် ရောင်းချရေးအတွက် လိုအပ်သည်များကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## မြစ်ကြီးနားမြို့နယ် မော်ဖောင်းကျေးရွာ၌ ကျေးရွာချင်းဆက်လမ်း / တံတားများဖောက်လုပ်နေမှု စစ်ဆေး

**မြစ်ကြီးနား ဇန်နဝါရီ ၁၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေများဖြင့် ကျေးရွာချင်းဆက်လမ်း/တံတားများ ဖောက်လုပ်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက မော်ဖောင်းကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့စစ်ဆေးရာတွင် မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆုမွန်အောင်နှင့် ဝန်ထမ်းများသည် မော်ဖောင်းကျေးရွာ၌ ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်း၊ လမ်းများချဲ့ထွင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ၎င်းလမ်းပေါ်ရှိ သံကူကွန်ကရစ် တံတားတစ်စင်း တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းသည် အရှည် ၁ မိုင် ၂ ဖာလုံ၊ အကျယ် ၁၆ ပေ၊ ဒု ကိုးလက်မရှိ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း အမျိုးအစားဖြစ်ပြီး ပြည်နယ် ခွင့်ပြုရန်ပုံငွေများဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ယခုနှစ် ဇွန်လ ပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများအားလုံး၏ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်သည်။ **မောင်ခိုင်**

## လဲချား-ဆီကုန်း-ဝမ်ဝေါင်-နားမန်း-ဟတ်လိလမ်း ကတ္တရာခင်း

**လဲချား ဇန်နဝါရီ ၁၈**

လဲချားမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရန်ပုံငွေဖြင့် လဲချား-ဆီကုန်း-ဝမ်ဝေါင်-နားမန်း - ဟတ်လိလမ်းကျောက်လမ်းမှ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုကို မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ-၁(မြို့ပြ) ဦးအောင်ကိုဦးနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အရည်အသွေးထိန်းသိမ်းရေးအဖွဲ့များက ဇန်နဝါရီ ၁၆ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။ အဆိုပါ လဲချား-ဆီကုန်း - ဝမ်ဝေါင် - နားမန်း - ဟတ်လိလမ်း ကျောက်လမ်းမှ ကတ္တရာခင်းခြင်းလုပ်ငန်းကို ပြည်နယ်ငွေလုံးငွေရင်း(မူလ) ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## မိုင်းပန်မြို့နယ် မိုင်းပဲ - လုံကြိမ်လမ်းအား မြေသားလမ်းမှ ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်

**မိုင်းပန် ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင်ကွပ်ကဲမှုအောက်ရှိ မိုင်းပန်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် မိုင်းပဲ-လုံကြိမ် မြေသားလမ်းကို ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



အဆိုပါ မိုင်းပန်မြို့နယ် မိုင်းပဲ-လုံကြိမ် မြေသားလမ်းမှ ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၅၇ ဒသမ ၇၁ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများအားလုံး၏ ၈၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး အဆိုပါလမ်းပြီးစီးပါက ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၈၈ အိမ်၊ လူဦးရေ ၃၅၀ ကို အကျိုးပြုမည်ဖြစ်သည်။

မိုင်းပဲ-လုံကြိမ် လမ်းအရှည် ၃ ဒသမ ၇၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒု ၁၅ လက်မရှိ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၁၇ ရက်တွင် ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး( မြို့ပြ) ဒေါ်ဆွေဆွေနွယ်နှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်ဝစေရေး မှာကြားခဲ့ကြောင်း သိရသည်။ **၂၂၂**

# အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ ပါလက်စတိုင်းအကျဉ်းသား ၇၃၅ ဦး လွှတ်ပေးရန် သဘောတူညီထားဟု အစ္စရေးထုတ်ပြန်

ဂျေရုဆလင် ဇန်နဝါရီ ၁၈

**ဟားမားစ်နှင့် အပစ်အခတ်ရပ်စဲရေး ပထမအဆင့်တွင် ပါလက်စတိုင်းအကျဉ်းသား ၇၃၅ ဦးကို လွှတ်ပေးသွားမည်ဖြစ်ကြောင်း အစ္စရေးတရားရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၈ ရက်တွင် ထုတ်ပြန်သည်။**

၄၂ ရက်ကြာ အပစ်အခတ်ရပ်စဲရေး ကနဦး အဆင့်တွင် အစ္စရေးက ဂါဇာဒေသမှ အကျဉ်းသား ၁၁၆၇ ဦးတို့ကို တဖြည်းဖြည်းလွှတ်ပေးသွားမည် ဖြစ်ပြီး ဇန်နဝါရီ ၁၉ ရက်၌ စတင်မည်ဖြစ်သည့် အပြန်အလှန်အားဖြင့် ဟားမားစ်က ဂါဇာတွင် လက်ရှိဖမ်းဆီးထားသော အစ္စရေးဓားစာခံ ၃၃ ဦး အား လွှတ်ပေးသွားဖွယ်ရှိသည်။

အစ္စရေး ၁၂ ဦးကို သတ်ဖြတ်မှုအတွက် ထောင်ဒဏ် တစ်သက်တစ်ကျွန်းကျခံနေရသော အာမက်ဘာဂူတီနှင့် ၂၀၀၃ ခုနှစ်က ဂျေရုဆလင် ၌ အသေခံဗုံးခွဲတိုက်ခိုက်မှုတွင် ၂၃ ဦး သေဆုံးမှု ကြောင့် ထောင်ဒဏ် တစ်သက်တစ်ကျွန်း နှစ်ပေါင်း ၅၀ ပြစ်ဒဏ်ကျခံနေရသည့် မတ်ဂျ်ဒီ ဇာတာရီတို့ကဲ့သို့သော အကျဉ်းသားများလည်း လွှတ်ပေးမည့်စာရင်းတွင် ပါဝင်ကြောင်း အစ္စရေးက ပြောသည်။

၂၀၀၁ ခုနှစ်က ဟိုင်ဖာတွင် အသေခံဗုံးခွဲ တိုက်ခိုက်ခံရမှုကြောင့် ၁၅ ဦး သေဆုံးခဲ့မှုဖြင့် တစ်သက်တစ်ကျွန်းပြစ်ဒဏ်ကျခံနေရသူ ဟားမားစ် အဖွဲ့ခေါင်းဆောင် ဆလင်မ်ဟတ်ဂျာနှင့် အစ္စရေး ၁၃ ဦးအား သတ်ဖြတ်မှုဖြင့် တစ်သက်တစ်ကျွန်း ထောင်ဒဏ် ၁၃ ဆက် ချမှတ်ခံခဲ့ရသည့် တန်ဇမ် စစ်သွေးကြွအဖွဲ့မှ မိုဟာမက် နိုင်ဖာ တို့ကိုလည်း လွှတ်ပေးမည့်စာရင်းတွင် ပါရှိသည်။

အီဂျစ်နှင့် ဂါဇာကမ်းမြောင်ကို ဆက်သွယ်ထားသော လမ်းကြောင်းဖြစ်သည့် ရာဖာဂိတ်ကိုလည်း ဇန်နဝါရီ ၁၉ ရက်တွင် ပြန်လည်ဖွင့်လှစ်မည် ဖြစ်ပြီး ဓားစာခံများလဲလှယ်ရေး အပစ်ရပ်



သဘောတူညီချက်အရ ဆေးဝါးအကူအညီ များ၊ ရွက်ဖျင်တဲများနှင့် ကယ်ဆယ်ရေးပစ္စည်းများ တင်ဆောင်လာသည့် ကုန်တင်ယာဉ် အစီးရေ ၆၀၀ ခန့် ဂါဇာသို့ဝင်ရောက်နိုင်ရန် ခန့်မှန်းထားကြောင်း အီဂျစ်လုံခြုံရေးသတင်းရင်းမြစ်တစ်ဦးက ပြောကြားသည်။

ဆင်ဟွာ



## ဆီးနှင်းထူထပ်မှုကြောင့် အာဖဂန်မြို့တော် ကဘူးလ်နှင့် မြောက်ပိုင်းပြည်နယ် ကိုးခုအား အဓိက အဝေးပြေးလမ်းမကြီး ပိတ်ဆို့

ကဘူးလ် ဇန်နဝါရီ ၁၈

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော် ကဘူးလ်နှင့် မြောက်ပိုင်းပြည်နယ် ကိုးခုကို ဆက်သွယ်ထားသည့် ဆာလန်း အဝေးပြေးလမ်းမကြီး ကို နှင်းများ ထူထပ်စွာကျဆင်းမှု ကြောင့် အသွားအလာပိတ်ဆို့ ထားကြောင်း ပြည်သူ့ရေးရာ လုပ်ငန်းဝန်ကြီးဌာနက ဇန်နဝါရီ ၁၈ ရက်တွင် ကြေညာသည်။

ဆီးနှင်းများ ထူထပ်စွာ ကျဆင်းခြင်းနှင့် မုန်တိုင်းများ တိုက်ခတ်မှုတို့ကြောင့် အဝေးပြေး လမ်းမကြီးကို ပိတ်ပင်ထားပြီး မော်တော်ယာဉ်များ သတိ ပေးချက် ထပ်မံမထုတ်ပြန်မချင်း အဆိုပါလမ်း အသုံးပြုမှုကို ရှောင်ကြဉ်ရန် ညွှန်ကြားထား ကြောင်း ဝန်ကြီးဌာနက ဆက်လက် ပြောကြားသည်။

ပို့ဆောင်ရေးနှင့် မြို့ပြ လေကြောင်းဝန်ကြီးဌာန၏ အဆို အရ အာဖဂန်နစ္စတန်၏ ပြည်နယ် ၃၄ ခုအနက် ၂၉ ခုသည် လာမည့် ရက် အနည်းငယ်အတွင်း နှင်း ထူထပ်ခြင်း၊ ရေကြီးခြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းခြင်း များ ကြုံတွေ့ရမည်ဟု ခန့်မှန်း ထားသည်။

ဆင်ဟွာ

## အာဖရိက၌ မျောက်ကျောက်ဖြစ်ပွားသူ ၇၇၈၀၀ ကျော်ရှိပြီး သေဆုံးသူ ၁၃၂၀ ဦး ရှိလာ

**အဒစ္စအာဘာဘာ ဇန်နဝါရီ ၁၈**

လွန်ခဲ့သည့်နှစ်မှ စတင်၍ အာဖရိက၌ မျောက်ကျောက် ရောဂါဖြစ်ပွားသူ ၇၇၈၀၀ ကျော် ရှိလာပြီး သေဆုံးသူဦးရေမှာ ၁၃၂၀ ဦးအထိ ရှိလာသည်ဟု အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက သတင်း ထုတ်ပြန်သည်။

၂၀၂၄ ခုနှစ် နှစ်စပိုင်းမှစတင်၍ အာဖရိက၌ မျောက်ကျောက် ရောဂါဖြစ်ပွားသူ ၇၇၈၈၈ဦးအထိ ရှိကြောင်း အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေး စင်တာမှ ညွှန်ကြားရေးမှူးချုပ် ဖြစ်သူ ဂျင်းကက်ဆီယာက ပြော သည်။ ဆီရာလီယွန်နိုင်ငံသည် အာဖရိက၌ မျောက်ကျောက် ရောဂါ နောက်ဆုံးမှဖြစ်ပွားသည့် နိုင်ငံဖြစ်သည်။

ဇန်နဝါရီ ၁၀ ရက်တွင် ပထမ ဦးဆုံး မျောက်ကျောက်ရောဂါ ဖြစ်ပွားသူကို ဆီရာလီယွန်နိုင်ငံ တွင် တွေ့ရှိခဲ့သည်။ အာဖရိက၌ မျောက်ကျောက် ရောဂါကြောင့် ထိခိုက်ခံစားရသည့် နိုင်ငံ ၂၀ နိုင်ငံ အနက်လက်ရှိတွင်မျောက်ကျောက် ဗိုင်းရပ်စ်ကူးစက်မှု ကြုံတွေ့နေရ သည့် နိုင်ငံ ၁၃ နိုင်ငံရှိသည်ဟု အာဖရိကသမဂ္ဂ၏ ကျန်းမာရေး စောင့်ရှောက်မှုအေဂျင်စီ၏ အချက် အလက်များအရ သိရသည်။

ဆင်ဟွာ

## ကမ္ဘောဒီးယားနိုင်ငံ၌ တင့်ဖျက်မိုင်းပေါက်ကွဲမှုကြောင့် ကုန်တင်ယာဉ်မောင်းတစ်ဦးသေဆုံး

**ဖနောင်ပင် ဇန်နဝါရီ ၁၈**

ကမ္ဘောဒီးယားနိုင်ငံ ဘတ်တမ်ဘန်း ဆမ်ပေါ့ဗ်လွန်း ခရိုင်တွင် စစ်ကျန်တင့်ဖျက်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ ပြီး ကုန်တင်ယာဉ်မောင်းသူ တစ်ဦး သေဆုံးခဲ့ကြောင်း မိုင်းရှင်းလင်းရေး အကြီးအကဲတစ်ဦးက ဇန်နဝါရီ ၁၈ ရက်တွင် ပြောကြားသည်။


ဇန်နဝါရီ ၁၇ ရက် မွန်းလွဲပိုင်းက ပီလောပီန်များ တင်ဆောင်လာသည့် ကုန်တင်ယာဉ်တစ်စီးသည် ကွန်ဖွန်ခန်းဘောင်းကျေးရွာအနီး တင့်ဖျက်မိုင်းကို နင်းမိပြီး ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ကမ္ဘောဒီးယား မိုင်းကင်းစင်ရေး လှုပ်ရှားမှုဗဟိုဌာန၏ ညွှန်ကြား ရေးမှူးချုပ် ဟန်းရော့တနာက ပြောသည်။

ယင်းသည် ယခုသီတင်းပတ်အတွင်း ဒုတိယ အကြိမ် တင့်ကားမိုင်းပေါက်ကွဲသည့် ဖြစ်ရပ်ဖြစ် သည်။ ဇန်နဝါရီ ၁၆ ရက်ကလည်း အနောက်မြောက်ပိုင်း အော့ဒါ မိန်ချေးပြည်နယ်တွင် တင့်ဖျက်မိုင်းပေါက်ကွဲ မှု ဖြစ်ပွားခဲ့ပြီး ကမ္ဘောဒီးယားမိုင်းရှင်းလင်းရေး ကျွမ်းကျင်သူနှစ်ဦး သေဆုံးခဲ့သည်။

ကမ္ဘောဒီးယားသည် မြေမြှုပ်မိုင်းနှင့် စစ်ကျန် ပေါက်ကွဲစေတတ်သောပစ္စည်းများကြောင့် ထိခိုက်မှု အဆိုးရွားဆုံး နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ပြီး ၁၉၉၈ ခုနှစ်တွင် ပြီးဆုံးခဲ့သော ဆယ်စုနှစ် သုံးခုကြာ လက်နက်ကိုင်ပဋိပက္ခများကြောင့် ခန့်မှန်းခြေ မြေမြှုပ်မိုင်းနှင့် အခြား ခဲယမ်းမီးကျောက် ၄ ဒသမ ၆ သန်းခန့် ကျန်ရှိခဲ့သည်။ ၁၉၇၉ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သော ပစ္စည်းများကြောင့် သေဆုံးသူ ၁၉၈၃၄ ဦးနှင့် ထိခိုက် ဒဏ်ရာရသူ ၄၅၂၅၂ ဦး ရှိကြောင်း ကမ္ဘောဒီးယားနိုင်ငံ က တရားဝင်ထုတ်ပြန်ထားသည့် အစီရင်ခံစာတစ်ရပ် တွင် ဖော်ပြသည်။

ဆင်ဟွာ

## ယီမင်က ပစ်လွှတ်လိုက်သည့်ဒုံးကျည်ကို အစ္စရေးဘက်မှ ကြားဖြတ်ဟန့်တား



**ဂျေရုဆလင် ဇန်နဝါရီ ၁၈**

ယီမင်နိုင်ငံက အစ္စရေးနိုင်ငံ အလယ် ပိုင်းသို့ ဦးတည်၍ ပစ်လွှတ်လိုက်သည့် ဒုံးကျည်တစ်စင်းကို အစ္စရေးဘက်မှ ကြားဖြတ်ဟန့်တားနိုင်ခဲ့သည်ဟု အစ္စရေး တပ်မတော်က ဇန်နဝါရီ ၁၈ ရက်တွင် ပြောသည်။

ဒုံးကျည် ပစ်ခတ်လိုက်ပြီးနောက် အစ္စရေးနိုင်ငံအလယ်ပိုင်း တဲအဗီးလ်မြို့ နှင့် ဂျေရုဆလင်တို့၌ လေကြောင်းရန် ကာကွယ်ရေးအချက်ပေးသံများ မြည်လာ ခဲ့သည်။ သန်းနှင့်ချီသည့် ဒေသခံများအား အကာအကွယ်နေရာများကို စေလွှတ်ခဲ့ သည်။ ယင်းဖြစ်ရပ်ကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်ပြီး အကာအကွယ် နေရာများသို့သွားရာလမ်းတွင် ထိခိုက် ဒဏ်ရာရရှိသည်မှအပ သေကျေပျက်စီးမှု မရှိကြောင်း အစ္စရေးအမျိုးသားအရေးပေါ် ဌာနက ပြောသည်။

အဆိုပါတိုက်ခိုက်မှုကြောင့် တဲအဗီးလ် မြို့အပြင်ဘက်ရှိ ဘင်ဂူရီယန် အပြည် ပြည်ဆိုင်ရာလေဆိပ်တွင် လေယာဉ် အဆင်းအတက်များ ယာယီရပ်နားထား ခဲ့ရသည်။ ကာတာ၊ အီဂျစ်နှင့် အမေရိကန် နိုင်ငံတို့၏ ကြားဝင်စေ့စပ်ညှိနှိုင်းပေးမှု ကြောင့် အစ္စရေးနှင့်ဟားမားစ်တို့ကြား ဓားစာခံပြန်လွှတ်ပေးရေးအတွက် အပစ် အခတ်ရပ်စဲရေးကို ဇန်နဝါရီ ၁၅ ရက်က ကြေညာခဲ့သည်။

အစ္စရေးနှင့် ဟားမားစ်တို့ကြား သဘောတူထားသည့် အပစ်အခတ်ရပ်စဲ ရေးသည် ဇန်နဝါရီ ၁၉ ရက် နံနက် ၈ နာရီတွင် စတင်အသက်ဝင်မည်ဖြစ်သည်။ ဂါဇာဒေသတွင် အစ္စရေးတို့က တိုက်ခိုက်မှု များ ဆက်လက်ပြုလုပ်ပါက ယီမင်မှ ဟူသီအုပ်စုသည် အစ္စရေးကို တိုက်ခိုက်မှု များ ဆက်လက်ပြုလုပ်သွားမည်ဟု ဟူသီ ခေါင်းဆောင် အဗ္ဗဒူမာလစ် အယ်-ဟူသီ က ဇန်နဝါရီ ၁၆ ရက်တွင် ပြောကြား ခဲ့သည်။

ဆင်ဟွာ

# စစ်တွေမြို့ရှိ ဝန်ထမ်းများအား အခြေခံစားကုန်နှင့် သား၊ ငါး၊ ဟင်းသီးဟင်းရွက်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချ



စစ်တွေ ဇန်နဝါရီ ၁၈

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဝန်ထမ်းများအား အခြေခံစားကုန်နှင့် သား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်း၌ ဈေးနှုန်းသက်သာစွာ ရောင်းချပေးသည်။

**ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေး**

ဝန်ထမ်းများအား ရောင်းချပေးမည့် အခြေခံစားကုန်နှင့် သား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ ခင်းကျင်းထားရှိမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် အဖွဲ့သည် ကြည့်ရှုအားပေးပြီး အခြေခံစားသုံးကုန်များနှင့် သား၊ ငါးများ ပြတ်လပ်မှု မရှိစေရေးနှင့် ဈေးနှုန်းမြင့်တင်ရောင်းချခြင်း မရှိစေရေးတို့ကို စိစစ်ကြပ်မတ်ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများကို မှာကြားသည်။

ဝန်ထမ်းများအား အခြေခံစားသုံးကုန်များဖြစ်သည့် ဆီ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်သီးခြောက်၊ မုန်လာဥ၊ ငရုတ်သီးစိမ်း၊ ကြက်ဟင်းခါးသီး၊ မြေထောက်ပဲ၊ ကန်စွန်းဥ၊ ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်၊ ပဲသီး၊ နံနံ၊ ပန်းဂေါ်ဖီ၊ ချဉ်ပေါင်၊ ကြက်ဥ၊ ဘူးသီးနှင့် ပြောင်းဖူး စသည့်ဟင်းသီးဟင်းရွက်များကို ရောင်းချပေးခြင်းဖြစ်ပြီး သား၊ ငါးအနေဖြင့် ကြက်သား၊ ဝက်သားနှင့် ငါး၊ ပုစွန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ညောင်ရွှေမြို့၌ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ဆဋ္ဌမအကြိမ်မြောက် အင်းလေးကန်ဖြတ် စုပေါင်းစက်ဘီးစီးနင်းပွဲကျင်းပ




ညောင်ရွှေ ဇန်နဝါရီ ၁၈

ရှမ်းပြည်နယ် အင်းလေးဒေသ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအစီအစဉ်အဖြစ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ဆဋ္ဌမအကြိမ်မြောက် အင်းလေးကန်ဖြတ် စုပေါင်းစက်ဘီးစီးနင်းပွဲကို ဇန်နဝါရီ ၁၈ ရက် နံနက် ၇ နာရီက ညောင်ရွှေမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်းစုရပ်၌ ပြုလုပ်သည်။

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကားပြောကြားပြီး အကြိုးတန်း ၃၀ ကီလိုမီတာနှင့် အငယ်တန်း ၁၅ ကီလိုမီတာ စက်ဘီးစီးနင်းပွဲကို သေနတ်ပစ်ဖောက် တာလွှတ်ပေးသည်။

အဆိုပါ စုပေါင်းစက်ဘီးစီးနင်းပွဲအပြီးတွင် ပန်းဝင်သည်အထိ စီးနင်းခဲ့ကြသူများအား အမှတ်တရဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်းနှင့် စုပေါင်းစက်ဘီးစီးနင်းပွဲသို့ စက်ဘီးစီးအားကစားသမား ၅၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

စိုင်းအယ်ဘဲ



# ပင်လောင်းမြို့နယ်၌ လေပြင်းဘေးကြိုတင်ကာကွယ်ရေး ရန်ပုံငွေလွှဲပြောင်းပေးအပ်

ပင်လောင်း ဇန်နဝါရီ ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်တွင် လေပြင်းဘေးကြိုတင်ကာကွယ်ရေး ရန်ပုံငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဘက်စုံသုံးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ရှမ်းပြည်နယ်အတွင်း နှစ်အလိုက် လေပြင်းဘေးဒဏ်ခံစားရမှုစာရင်းများ၊ မိုးသီးကြွေကျမှုဘေးဒဏ်ခံစားရမှု အခြေအနေများ၊ လေပြင်းဘေး ကြိုတင်ကာကွယ်ရေးစီမံချက် ဆောင်ရွက်ခဲ့မှုစာရင်းများ၊ မြို့နယ်မှ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ လေပြင်းဘေးဒဏ် ပိုမိုခံနိုင်ရည်ရှိသော အိုးအိမ်များဖြစ်စေရေး အားဖြည့်ပြင်ဆင်ရန် လိုအပ်သည်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဇော်ထက်က ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ မြေပြင်တွင်ကွင်းဆင်း စိစစ်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးက လေပြင်းဘေးကြိုတင်ကာကွယ်ရေး ရန်ပုံငွေကျပ် ၁၂၆၀၀၀၀၀ ကို ပေးအပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လက်ခံယူသည်။ ပင်လောင်းမြို့နယ်တွင် လေပြင်းဘေးကြိုတင်ကာကွယ်ရေးစီမံချက်အရ အားဖြည့်ပြင်ဆင်ရမည့် ကျေးရွာအုပ်စု ခုနစ်အုပ်စု၊ အိမ်ခြေ ၂၀၀ ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မင်းဘူးခရိုင်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၃၁၆ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်

မင်းဘူး ဇန်နဝါရီ ၁၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တတိယသုံးလပတ် (ဧပြီလမှ ဒီဇင်ဘာလကုန်အထိ) ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေများဖြင့် ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းပေါင်း ၃၁၆ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း မင်းဘူးခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ဒေသန္တရစီမံကိန်း ရည်မှန်းချက်အပေါ် တတိယသုံးလပတ် (ဧပြီလမှ ဒီဇင်ဘာလကုန်အထိ) အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၇ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မင်းဘူးခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်ငါးခု၌ ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းများအဖြစ် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ဆောက်လုပ်ရေး၊ လျှပ်စစ်မီးလင်းရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စိုက်ပျိုးရေရရှိရေး၊ စက်မှုလယ်ယာဖွံ့ဖြိုးရေး၊ မြန်မာ့ရေနံ၊ သစ်တော၊ MSME နှင့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးရေး၊ ကျေးလက်နှင့်မြို့ပြဖွံ့ဖြိုးတိုးတက်ရေး စသည့်ကဏ္ဍများအလိုက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက် ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းပေါင်း ၁၀၅ ခုအတွက် ခွင့်ပြုငွေ ၁၇၃၅၈ ဒသမ ၆၈၃ ကျပ်သန်း၊ တိုင်းဒေသကြီးဘတ်ဂျက်ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းပေါင်း ၃၂၃ ခုအတွက် ခွင့်ပြုငွေ ၁၉၄၈၇ ဒသမ ၈၆၁ ကျပ်သန်းတို့ဖြင့် သက်ဆိုင်ရာ ခရိုင်/မြို့နယ်ဦးစီးဌာနများနှင့် လုပ်ငန်းများက စီမံကိန်း ဆောင်ရွက်ခဲ့ကြောင်း ခရိုင်စီမံကိန်းဦးစီးမှူး ဦးသန်းထွန်းမြတ်က ပြောသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တတိယသုံးလပတ် (ဧပြီလမှ ဒီဇင်ဘာလကုန်အထိ) ပြည်ထောင်စုဘတ်ဂျက်ဖြင့် လုပ်ငန်းအမျိုးအစားပေါင်း ၁၀၅ ခုအနက် လုပ်ငန်း ၅၇ ခုကို ခွင့်ပြုရန်ပုံငွေ ၉၂၃၈ ဒသမ ၉၆၅ ကျပ်သန်း၊ ထို့အတူ တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် လုပ်ငန်းအမျိုးအစားပေါင်း ၃၂၃ ခုအနက် လုပ်ငန်း ၂၅၉ ခုကို ခွင့်ပြုရန်ပုံငွေ ၁၄၃၇၂ ဒသမ ၄၅၁ ကျပ်သန်းတို့ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်းစီမံကိန်းများအလိုက် လုပ်ငန်းပေါင်း ၃၁၆ ခုကို ရာနှုန်းပြည့်ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

မောင်မောင်(မင်းဘူး)

# မိုင်းပန်မြို့နယ် မိုင်းပန်-ကုန်းကျိုင်းလမ်းအား ကျောက်ချောလမ်းမှ ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်

မိုင်းပန် ဇန်နဝါရီ ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် မိုင်းပန်-ကုန်းကျိုင်း ကျောက်ချောလမ်းမှ ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



**ကြည့်ရှုစစ်ဆေး**

မိုင်းပန်-ကုန်းကျိုင်း ကျောက်ချောလမ်းမှ အရှည် ၃ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မရှိ ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ခရိုင်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်ဆွေဆွေနွယ်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အရည်အသွေးပြည့်ဝစေရေး မှာကြားသည်။

အဆိုပါ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၀၇ ဒသမ ၃၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများအားလုံး၏ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၇၈ အိမ်၊ လူဦးရေ ၃၁၃ ဦးကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

မောင်နိုင်

# (၇၇) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**ဟားခါး ဇန်နဝါရီ ၁၈**

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျရောက်မည့် (၇၇) နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဇန်နဝါရီ ၁၈ ရက် နံနက် ၁၀ နာရီက (၇၇) နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသိန်းထွန်းအောင်၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးဝင်းဇော်ဦးနှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးဦးအောင်ချိုတို့က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

(၇၇) နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုရာတွင် ဖွဲ့စည်းထားသည့်(၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေး ဆပ်ကော်မတီများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများဖြစ်ကြသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မုခ်ဦး၊ စတိတ်စင်၊ ယာယီမဏ္ဍပ်၊ ဌာနဆိုင်ရာ ပြခန်း၊ ရိုးရာအစားအစာ အရောင်းဆိုင်များ ဆောက်လုပ်မည့်နေရာနှင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံပြသကြသည်။

(၇၇) နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)



# ကျိုက်လတ်၌ မြို့နယ်အဆင့် ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ) သင်တန်း ဆက်လက်လေ့ကျင့်သင်ကြား

**ကျိုက်လတ် ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ ဇန်နဝါရီ ၆ ရက်မှစ၍ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် မြို့နယ်အဆင့် မီးသတ်တပ်ဖွဲ့ဝင်များ ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ)သင်တန်းကို ယနေ့



နံနက်ပိုင်းက ဆက်လက်လေ့ကျင့် သင်ကြားလျက်ရှိသည်။

မီးသတ်ဦးစီးဌာနအနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်ပစ္စည်းများ၊ နိုင်ငံတော်အတွင်းရှိ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်နှင့် သဘာဝဘေးအန္တရာယ်အပါအဝင် အခြားသောဘေးအန္တရာယ်များ ကျရောက်သည့်အခါ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန် စသည့်ရည်ရွယ်ချက်များဖြင့် အဆိုပါသင်တန်းကို ဇန်နဝါရီ ၆ ရက်မှ ၃၁ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချလျက်ရှိရာ သင်တန်းသား ၃၅ ဦးဖြင့် ကွဲခိုင်ရေးလေ့ကျင့်ခန်း၊ ကြိုးချည်နည်း၊ ရေတွင်းအသက်ကယ်ဆယ်ခြင်း၊ မျောက်ကူးနည်းစနစ်၊ ပက်လက်ကူးနည်းစနစ်၊ ရှဉ့်ကူးနည်းစနစ်၊ နှစ်ယောက်တွဲကြိုးဆင်းခြင်း၊ ခုန်ဆင်းနည်းစနစ်များ သင်ကြားပို့ချလျက်ရှိကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ် (၁၁)ရပ်ကွက် (OMM) အထည်ချုပ်စက်ရုံ၌ မြို့နယ်မီးသတ်ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးဝင်းထွဋ်ကျော် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၁၆ ရက်တွင် မီးဘေးလုံခြုံရေးအတွက် မီးဘေးသရုပ်ပြ လက်တွေ့မီးငြိမ်းသတ်ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

# သန်လျင်လူမှုဖူလုံရေးရုံး၌ ကျန်ရစ်သူ အကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ထုတ်ပေး

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် လူမှုဖူလုံရေးရုံး၌ အကျုံးဝင် မှတ်ပုံတင်ထားသော အာမခံ အလုပ်သမားတစ်ဦးအား အကျိုးခံစားခွင့် ထုတ်ပေးခြင်းကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူးက သန်လျင်မြို့နယ် လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော KOYO – RAD Myanmar Corporation Co.,Ltd. မှ အာမခံအလုပ်သမား ဒေါ်တင်ဇာနိုင်သည် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် အလုပ်တာဝန် ထမ်းဆောင်ရန် အလုပ်သို့သွားရာ အလုပ်ခွင်ပြင်ပထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ငွေကျပ် ၅၆၂၅၀၀၀ ကို ဖခင်ဖြစ်သူဦးသက်နိုင်ထံသို့ သန်လျင်မြို့နယ် ရုံးခွဲတာဝန်ခံ အလုပ်ဌာနမှ တာဝန်ရှိသူများ ရှေ့၌ထုတ်ပေးခဲ့ကြောင်း သိရသည်။




မြို့နယ်( ပြန်/ဆက်)

# မင်းလှမြို့နယ်၌ မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်ကင်းဝေးစေရေး အသိပေးနှိုးဆော်

**အထက်မင်းလှ ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ပြည်သူများအား မီးဘေးအန္တရာယ်ကင်းဝေးစေရေး၊ မီးသတိမူရေးနှင့် မီးဘေးအန္တရာယ်များကို ကြိုတင်၍ကာကွယ်နိုင်ရန်အတွက် သတိပြုလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များအား အသိပညာပေးနှိုးဆော်မှုများကို မြို့နယ်မီးသတ်ဦးစီးဌာနက ယနေ့မွန်းလွဲ ၃ နာရီတွင် မြို့နယ်အတွင်းရှိ ရပ်ကွက်များအတွင်းသို့ မီးသတ်ယာဉ်ဖြင့်လှည့်လည်၍ အသိပေးနှိုးဆော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဇာဇာ(အထက်မင်းလှ)



# သထုံပြည်သူ့ဆေးရုံကြီး၌ သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**သထုံ ဇန်နဝါရီ ၁၈**

မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ မြို့နယ်အသီးသီးတို့၌ မြို့သန့်ရှင်းသာယာရေးအတွက် အပတ်စဉ်စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်လျက်



ရှိရာ ယနေ့နံနက်ပိုင်းက သထုံမြို့ နန်းခဲရပ်ကွက်ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၌ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများပြုလုပ်သည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် သထုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးစိုး၊ ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပူးပေါင်းကာ ခရိုင်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း အပြင်တို့၌ အမှိုက်သရိုက်များ၊ ချုံနွယ်ပိတ်ပေါင်းများရှင်းလင်းခြင်း၊ သစ်ပင်သစ်ကိုင်းများခုတ်ထွင်ခြင်း စသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်
(ပြန်/ဆက်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို**
**နေ့အလင်းရောင်ရှိချိန်တွင်**
**ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## အစိုးရစက်မှုလက်မှုသိပ္ပံ(မိတ္ထီလာ)၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

**မိတ္ထီလာ ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အစိုးရစက်မှုလက်မှုသိပ္ပံ (မိတ္ထီလာ)၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ယမန်နေ့က အဆိုပါကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အစိုးရစက်မှုလက်မှုသိပ္ပံ(မိတ္ထီလာ)မှ ကျောင်းအုပ်ကြီး ဒေါက်တာလေးမာန်ဝင့်က အမှာစကားပြောကြားကာ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် ဌာနမှူးများနှင့် စီနီယာကျောင်းသား ကျောင်းသူများက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မေဂျာအသီးသီးမှ ကျောင်းသား ကျောင်းသူများက အကအလှများဖြင့် ဖျော်ဖြေကြသည်။ ထို့နောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် မေဂျာအသီးသီးမှ ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့သည်။




အဆိုပါ အခမ်းအနားကို အစိုးရစက်မှုလက်မှုသိပ္ပံ(မိတ္ထီလာ)မှ ကျောင်းအုပ်ကြီး ဒေါက်တာလေးမာန်ဝင့်၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ကွန်ပျူတာတက္ကသိုလ်(မကွေး)၌ မီးဘေးလုံခြုံရေး အသိပညာပေး

**မကွေး ဇန်နဝါရီ ၁၈**

ကွန်ပျူတာတက္ကသိုလ် (မကွေး)၌ မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်မှု လက်တွေ့ သရုပ်ပြသခြင်းကို ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီခွဲက ဆောင်ရွက်ရာ မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးလှိုင်က ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ ၃၀၀ တို့ကို မီးလောင်မှုဖြစ်ပွားစေသော အကြောင်းရင်းများ၊ လျှပ်စစ်မီးလောင်မှုများနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာများ အသိပညာပေး ရှင်းလင်းပြောကြားသည်။

ထို့နောက် မီးသတ်ဆေးဘူးကို နည်းစနစ်မှန်ကန်စွာ ကိုင်တွယ်အသုံးပြုတတ်စေရေး ရှင်းလင်းပြောကြားပြီး မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်းများကို ဆောင်ရွက်သည်။

**သီဟစည်သူ**



## ရေဇါအရေးပါပုံ၊ ရေဇါတန်ဖိုး၊ ရေပေးဝေမှုဆိုင်ရာနှင့် ရေဆိုးစွန့်ပစ်မှုဆိုင်ရာများ အသိပညာပေးဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)၏ စီစဉ်ကြီးကြပ်မှုဖြင့် ရေဇါအရေးပါပုံ၊ ရေဇါတန်ဖိုး၊ ရေပေးဝေမှုဆိုင်ရာနှင့် ရေဆိုးစွန့်ပစ်မှုဆိုင်ရာများကို ကျောင်းသား ကျောင်းသူများ ဗဟုသုတရရှိစေရန်ရည်ရွယ်၍ ယနေ့မွန်းတည့် ၁၂ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၂)အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။



အဆိုပါအသိပညာပေးဆွေးနွေးပွဲတွင် အမှတ်(၂)အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးဝတ်ရည်သင်းက အမှာစကားပြောကြားပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)မှ ဌာနခွဲမှူး(လက်ထောက်ညွှန်ကြားရေးမှူး) ဒေါ်သီတာက ရေပေးဝေရေးသမိုင်းကြောင်း၊ ရေသံသရာလည်ပုံ၊ ရေသန့်စင်စနစ်နှင့် ရေဆိုးစွန့်ပစ်မှုဆိုင်ရာများအား ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက ရှင်းလင်းဆွေးနွေးမှုများကို မေးခွန်းများမေးမြန်းရာ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)မှ ဌာနခွဲမှူး(လက်ထောက်ညွှန်ကြားရေးမှူး)နှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ သိရှိနားလည်အောင် ပြန်လည်ဖြေကြားပြီး ရေသန့်စင်မှု အဆင့်ဆင့်ကို လက်တွေ့စမ်းသပ်ပြသသည်။ ယင်းအသိပညာပေးပွဲတွင် အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)မှ ဌာနခွဲမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဒေါ်သီတာက ကျောင်းအုပ်ဆရာမကြီးထံ ကျောင်းစာကြည့်တိုက်အတွက် "ရေကြည် တစ်ပေါက်" စာအုပ်နှင့် ကျောင်းသား ကျောင်းသူများအတွက် ဌာနအမည်နှင့် Logo ပါဝင်သော လက်ကမ်းစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။

**အာကာလင်း**

လမ်းမီးများကို အလင်းရောင်ရှိသောအချိန်များ၌ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။
အလင်းရောင်အားနည်းလာသည့်အချိန်တွင် လမ်းမီးများကို အလိုအလျောက် ဖွင့်စေပြီး အလင်းရောင်ပေါ်ထွက်လာပါက အလိုအလျောက်ပိတ်စေသည့်စနစ်ကို တပ်ဆင်ပါ။

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြုတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှ သေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲယမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန
## နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ ဝန်ကြီးဌာနကိုယ်စားပြုခရိုင်ရုံးအသီးသီးတွင် လစ်လပ်လျက်ရှိသော အမှုထမ်းရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စားပြုခရိုင်ရုံးအသီးသီးတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် သက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်မြေစာရင်းဦးစီးဌာန ရုံးများနှင့် ယင်းတို့အောက်ရှိ ခရိုင်၊ မြို့နယ်ရုံးများတွင် လျှောက်လွှာ တင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး(စိုက်ပျိုးရေး) (လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀ -၂၂၆၀၀၀) | (၂၇)နေရာ | B.Agri.Sc |
| (ခ) | ဒုတိယဦးစီးမှူး(ဆည်မြောင်း) (လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀ -၂၂၆၀၀၀) | (၁)နေရာ | B.E(Civil) |
| (ဂ) | ဒုတိယဦးစီးမှူး(ရေအရင်းအမြစ်) (လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀ -၂၂၆၀၀၀) | (၇)နေရာ | B.E(Civil/Mech) |
| (ဃ) | ဒုတိယဦးစီးမှူး(စက်မှုလယ်ယာ) (လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀ -၂၂၆၀၀၀) | (၁၇)နေရာ | B.E(Mech) |
| (င) | ဒုတိယဦးစီးမှူး(မွေးကု) (လစာနှုန်း၊၂၁၆၀၀၀-၂၀၀၀ -၂၂၆၀၀၀) | (၃၃)နေရာ | B.V.Sc/D.V.M |
| (စ) | ဒု-လက်ထောက်ဦးစီးမှူး (စိုက်ပျိုးရေး) (လစာနှုန်း၊ ၁၈၀၀၀၀-၂၀၀၀ -၁၉၀၀၀၀) | (၆၅)နေရာ | Dip.Agri |
| (ဆ) | ဒု-လက်ထောက်ဦးစီးမှူး (ဆည်မြောင်း) (လစာနှုန်း၊ ၁၈၀၀၀၀-၂၀၀၀ -၁၉၀၀၀၀) | (၄)နေရာ | A.G.T.I(Civil)/ E.G.T.I(Civil) |
| (ဇ) | ဒု-လက်ထောက်ဦးစီးမှူး (ရေအရင်းအမြစ်) (လစာနှုန်း၊ ၁၈၀၀၀၀-၂၀၀၀ -၁၉၀၀၀၀) | (၁၄)နေရာ | A.G.T.I(Civil/ Mech)/ E.G.T.I(Civil/ Mech) |
| (ဈ) | ဒု-လက်ထောက်ဦးစီးမှူး (စက်မှုလယ်ယာ) (လစာနှုန်း၊ ၁၈၀၀၀၀-၂၀၀၀ -၁၉၀၀၀၀) | (၄၆)နေရာ | A.G.T.I(Mech)/ E.G.T.I(Mech) |
| (ည) | ဒု-လက်ထောက်ဦးစီးမှူး (မွေးကု) (လစာနှုန်း၊ ၁၈၀၀၀၀-၂၀၀၀ -၁၉၀၀၀၀) | (၆၄)နေရာ | သိပ္ပံဘွဲ့တစ်ခုခု (သို့မဟုတ်) တိရစ္ဆာန်ဆေးကု ဒီပလိုမာ ရရှိပြီးသူ |
| (ဋ) | ဒု-လက်ထောက်ဦးစီးမှူး (ငါးလုပ်ငန်း) (လစာနှုန်း၊ ၁၈၀၀၀၀-၂၀၀၀ -၁၉၀၀၀၀) | (၄၂)နေရာ | B.Sc(Zoology) သို့မဟုတ် Diploma in Fisheries and aquaculture ရရှိပြီးသူ |

၂။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်-
- (က) လျှောက်ထားသည့်ရာထူးအမည်၊ (သတ်မှတ်ပညာအရည်အချင်းနှင့် ကိုက်ညီသဖြင့် ရာထူးနေရာ (၁)ခုထက်ပို၍ လျှောက်ထားပါက ပထမဦးစားပေးသည့်ရာထူး၊ ဒုတိယဦးစားပေးသည့်ရာထူး ခွဲခြားဖော်ပြရပါမည်။)
- (ခ) အမည်
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- (ဃ) မွေးသက္ကရာဇ်(ခုနှစ်၊ လ၊ ရက်)
- (င) လူမျိုး/ကိုးကွယ်သည့်ဘာသာ
- (စ) အဖအမည်/ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- (ဆ) ရရှိသည့်ဘွဲ့/ဒီပလိုမာ၊ ခုနှစ်၊ တက္ကသိုလ်
- (ဇ) အမြဲတမ်းနေရပ်လိပ်စာ
- (ဈ) ဆက်သွယ်ရန်လိပ်စာ
- (ည) ဖုန်းနံပါတ်

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များ ပြည့်စုံစွာပူးတွဲ ပေးပို့ရမည်-
- (က) ပညာအရည်အချင်းထောက်ခံချက်
  - (၁) အမှတ်စဉ်၁။(က)မှ(င)အထိအတွက် ဘွဲ့လက်မှတ် ထောက်ခံချက်မိတ္တူ၊ အမှတ်စာရင်းမိတ္တူနှင့် အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ။
  - (၂) အမှတ်စဉ်၁။(စ) မှ (ဋ)အတွက် ဘွဲ့/ ဒီပလိုမာလက်မှတ်မိတ္တူနှင့် အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ (သို့မဟုတ်) သက်ဆိုင်ရာ အထက်တန်းကျောင်းအောင်လက်မှတ်မိတ္တူ။
- (ခ) တာဝန်ကျရာ မည်သည့်ဒေသတွင်မဆို သွားရောက်တာဝန် ထမ်းဆောင်ပါမည်ဟု ကတိပြု ဝန်ခံချက်၊
- (ဂ) ပါတီနိုင်ငံရေးကင်းရှင်းကြောင်း ကိုယ်တိုင်ကတိဝန်ခံချက်၊
- (ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်) နှင့် လွန်ခဲ့သော(၁)လအတွင်းရယူထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မူရင်း၊
- (င) (၁)လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ (၃)ပုံ၊ ဓာတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်၊
